# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝါဂ်(ဓမ္မပဒ - ၁၈၂)


၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၅)၊ အမှတ်(၀၄၄)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို သံတမန်များအား ရှင်းလင်းပြောကြား

**ရန်ကုန် နိုဝင်ဘာ ၁၂**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့်ပတ်သက်၍ ရန်ကုန်မြို့ အခြေစိုက် သံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းမှ ကိုယ်စားလှယ်များအား ရှင်းလင်းပြောကြားခြင်း အစီအစဉ်ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပပြုလုပ်သည်။

ရှင်းလင်းပြောကြားမှု အစီအစဉ်သို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေး ဝန်ကြီးဌာနနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်တို့မှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ◆




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများက အီလက်ထရောနစ်မဲပေးစက် အသုံးပြု၍ မဲပေးပုံနည်းစနစ်အကြောင်း ရှင်းလင်းသရုပ်ပြရာ တက်ရောက်လာသည့် သံတမန်များက Electronic Voting Machine ကို လက်တွေ့စမ်းသပ်အသုံးပြုပြီး သိရှိလိုသည်များအား မေးမြန်းဆွေးနွေးစဉ်။

**ယနေ့ ဖတ်စရာ**


ဘက်လိုက်ခြင်းကင်း ပညာခင်း၍ အမှားမီဒီယာမှာ မမျှော်နှင့် ... — ဆောင်းပါး စာ ၆

အမျိုးသားရေးစိတ်ဓာတ် ဖော်ညွှန်းပြသည့် အမျိုးသားအောင်ပွဲနေ့ — ဆောင်းပါး စာ ၁၀

ခရီးသွားလုပ်ငန်းကို နိုင်ငံ၏ ဒုတိယအကြီးဆုံး စီးပွားရေးကဏ္ဍအဖြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆော်ဒီနိုင်ငံက လုပ်ဆောင်သွားမည် — နိုင်ငံတကာသတင်း စာ ၁၄





# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



◆ရွှေဖုံးမှ

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မကြာမီကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတပြီး အားလုံးပါဝင်သော ရွေးကောက်ပွဲဖြစ်စေရန် ပြင်ဆင်နေမှုများ၊ ရွေးကောက်ပွဲကို အပိုင်းလိုက် ကျင်းပမည့်အစီအစဉ်များ၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသည့် နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများအား ကန့်သတ်ထားခြင်းမရှိဘဲ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်း၊ ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲ ဖြစ်စေရန်အတွက် ပြည်တွင်းပြည်ပမှ လေ့လာသူအဖွဲ့များ၊ နိုင်ငံတကာမှ သံတမန်များနှင့် အဖွဲ့အစည်းများအား ဖိတ်ကြားထားခြင်း၊ ပြည်တွင်း ပြည်ပမီဒီယာများအား မှတ်ပုံတင်ခွင့်ပြုထားခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးကို ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင်ရန်နှင့် ထိတွေ့ဆွေးနွေးမှုများမှတစ်ဆင့် နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပါဝင်ရန် ဖိတ်ခေါ်မှုအခြေအနေများ၊ နယ်စပ်ဒေသများကို အခြေပြု၍ ဖြစ်ပေါ်နေသည့် နိုင်ငံဖြတ်ကျော်မှုခင်းများ၊ နယ်စပ်အခြေပြုလက်နက်ကိုင်အဖွဲ့များက ကာစီနို၊ အွန်လိုင်းလောင်းကစား စသည်တို့ကို နိုင်ငံတကာ ရာဇဝတ်ဂိုဏ်းများနှင့်အတူ ကျူးလွန်ဆောင်ရွက်နေမှုများကို တိုက်ဖျက်နေသည့်ကိစ္စများ၊ ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအထိ နှစ်နှစ်ကျော်ကာလအတွင်း မြန်မာနယ်စပ်သို့ အိမ်နီးချင်းနိုင်ငံမှတစ်ဆင့် တရားမဝင်ရောက်ရှိနေသည့် နိုင်ငံပေါင်း ၅၂ နိုင်ငံမှ နိုင်ငံခြားသား ၆၇၉၈၂ ဦးအား အိမ်နီးချင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများထံသို့ ပြန်လည်လွှဲပြောင်းပေးမှု အခြေအနေများ၊ အိမ်နီးချင်း နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မဲ့ထော်သလေး KK Park နယ်မြေများတွင် အခိုင်အမာအခြေချ၍ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်နေသည့် ဂိုဏ်းများအား တိုက်ဖျက်ချေမှုန်းနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။





ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့်ပတ်သက်၍ ရန်ကုန်မြို့ အခြေစိုက်သံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းမှ ကိုယ်စားလှယ်များအား ရှင်းလင်းပြောကြားစဉ်။

**ပူးပေါင်းဆောင်ရွက်မှုလိုအပ်**

ထို့ပြင် မြန်မာနိုင်ငံသို့ တရားမဝင် ဝင်ရောက်သူများ၏ ၉၉ ဒသမ ၅ ရာခိုင်နှုန်းမှာ အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် ကုန်းလမ်းမှဝင်ရောက်လာခြင်း၊ ယင်းရာဇဝတ်ဂိုဏ်းများ၊ လက်နက်ကိုင်အဖွဲ့အစည်းများသည် အင်တာနက်၊ လျှပ်စစ်မီး၊ ငွေကြေးလွှဲပြောင်းမှုများကို အိမ်နီးချင်းနိုင်ငံများမှ အခြေခံအဆောက်အအုံများကို အသုံးပြုဆောင်ရွက်ကြောင်း တွေ့ရှိရသဖြင့် အဆိုပါနယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများကို တိုက်ဖျက်နိုင်ရေးအတွက် အိမ်နီးချင်းနိုင်ငံများ၏ အပြည့်အဝ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပကတိမြေပြင်အခြေအနေများကို သံတမန်များအနေဖြင့် သက်ဆိုင်ရာအစိုးရများထံ မှန်ကန်စွာတင်ပြရန် တိုက်တွန်းပြောကြားသည်။

**လက်တွေ့စမ်းသပ်အသုံးပြု**

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများက အီလက်ထရောနစ် မဲပေးစက်အသုံးပြု၍ မဲပေးပုံနည်းစနစ်အကြောင်း ရှင်းလင်းသရုပ်ပြရာ တက်ရောက်လာသည့် သံတမန်များက Electronic Voting Machine ကို လက်တွေ့စမ်းသပ်အသုံးပြုခြင်း၊ သိရှိလိုသည်များအား မေးမြန်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြသည်။

**အိမ်နီးချင်းနိုင်ငံများက ဝိုင်းဝန်းထိန်းချုပ်ပေး**

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရာတွင် မြန်မာနိုင်ငံ၌ မထုတ်လုပ်နိုင်သည့် ဓာတုအခြေပြု မူးယစ်ဆေးဝါးများ နယ်စပ်နိုင်ငံများမှတစ်ဆင့် မြန်မာနိုင်ငံသို့ ဝင်ရောက်နေမှုများ ထိန်းချုပ်နိုင်ရေး၊ EAOs များ အဓိကပါဝင်နေပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေး တည်ငြိမ်မှုနှင့် တိုက်ရိုက်သက်ဆိုင်နေခြင်းတို့ကြောင့် အလေးထား ဆောင်ရွက်နေကြောင်း၊ ယင်းကို အိမ်နီးချင်းနိုင်ငံများက ဝိုင်းဝန်းထိန်းချုပ်ပေးရန်နှင့် အလေးထားစောင့်ကြည့်အရေးယူ ဆောင်ရွက်ပေးရန် မေတ္တာရပ်ခံလိုကြောင်း ပြောကြားပြီး အွန်လိုင်းလောင်းကစား ဂိုဏ်းများ တိုက်ဖျက်ရာ၌ ထိန်းသိမ်း၍ ပြန်လည်ပို့ဆောင်ခဲ့ရသူအချို့၏ ဖြေကြားချက်များကို ဗီဒီယိုဖြင့် ပြသရှင်းလင်းသည်။

ထို့အတူ KK Park ရှိ အဆောက်အအုံ စုစုပေါင်း ၆၂၅ လုံးအနက် ပထမအဆင့်တွင် ၁၄၈ လုံး ဖြိုချဖျက်ဆီးနေမှု၊ ဒုတိယအဆင့်တွင် ၆၂ လုံး၊ တတိယအဆင့်တွင် ၄၂၅ လုံး ဆက်လက်ဖြိုချသွားမည့်အခြေအနေများကို ပြောကြားခဲ့ပြီး ရောက်ရှိ နိုင်ငံ၊ မူရင်းနိုင်ငံနှင့် တစ်ဆင့်ခံနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှု အရေးကြီးကြောင်း ဆွေးနွေးခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် သံတမန်များက သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ကျေးလက်နေမိသားစု ဝင်ငွေတိုးရေး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများထောက်ပံ့

**မြစ်ကြီးနား နိုဝင်ဘာ ၁၂**

အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းများအတွက် နည်းပညာများပေးခြင်း၊ ရင်းနှီးမတည်ရန် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က ကချင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လေ့ကျင့်ပျိုးထောင်ရေး သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ ကချင်ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေက မြစ်ကြီးနားမြို့နယ် (ပ.လ.န) ကျေးရွာတွင် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရေးအတွက် တန်ဖိုးမြှင့် စားသောက်ကုန် ( Snack ) သင်တန်း၊ စီတာပူရပ်ကွက်တွင် အသေးစား၊ အငယ်စား၊ စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေးအတွက် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းနှင့် ရမ်ပူရပ်ကွက်တွင် မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းပညာသင်တန်းတို့ကို အခြေခံနှင့်မွမ်းမံများ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ကိုယ်ပိုင်လုပ်ငန်း ထူထောင်လိုသူများအား ကျွမ်းကျင်သော သင်တန်းနည်းပြများဖြင့် စာတွေ့၊ လက်တွေ့ ထပ်မံသင်ကြားပေးခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်စီးပွားရေးရာဝန်ကြီးက မြစ်ကြီးနားမြို့ (ပ.လ.န)ကျေးရွာ၊ စီတာပူရပ်ကွက်နှင့် ရမ်ပူရပ်ကွက်တို့မှ ကိုယ်ပိုင်လုပ်ငန်း ထူထောင်လိုသော သင်တန်းသား သင်တန်းသူများအား ဒေသဖွံ့ဖြိုးရေးသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ပြီး(ဝဲပုံ) ရုံးဝင်းအတွင်း ခင်းကျင်းပြသထားသည့် ဒေသဖွံ့ဖြိုးရေးသုံးပစ္စည်းများကို လှည့်လည် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၅)နှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း အမှတ်စဉ် (၁၇) သင်တန်းဆင်း

**နေပြည်တော် နိုဝင်ဘာ ၁၂**

အရာထမ်းလောင်း(အထူး) သင်တန်းအမှတ်စဉ် (၁၅) ၏ သင်တန်းဆင်းစစ်ရေးပြ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) စစ်ရေးပြကွင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းဦး၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ တက္ကသိုလ် သင်ကြား/စီမံ ဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ ၂၁၃ ဦးတို့ တက်ရောက်ကြသည်။

ဦးစွာ သင်တန်းဆင်းတပ်ခဲ့က နိုင်ငံတော်အလံအား အလေးပြုပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းဦးကို အလေးပြုကာ ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက ထူးချွန်ဆုရရှိသူဆုများအား ဆုချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။

ထို့နောက် ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက အရာထမ်းလောင်းများအနေဖြင့် အမျိုးသားအကျိုးစီးပွားအတွက် သွက်လက်မြန်ဆန်တိကျသော ဝန်ဆောင်မှုများဖြင့် ပြည်သူကို အလုပ်အကျွေးပြုကြရန်၊ အခက်အခဲ အကျပ်အတည်းဟူသမျှ ရင်ဆိုင်ကျော်လွှားနိုင်ပြီး ဌာနအဖွဲ့အစည်းအတွင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်စွမ်းရှိရန်နှင့် မိမိတို့ကိုယ်တိုင် အရာရာတွင် စံပြဖြစ်အောင် ပြုမူနေထိုင်ကျင့်ကြံပြီး ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာ၍လက်အောက်ဝန်ထမ်းများကိုလည်း ထိန်းကျောင်းတည့်မတ်ပေးရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသည် နဝရတ်ခန်းမ၌ ကျင်းပသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သင်တန်းအမှတ်စဉ် (၁၇) သင်တန်းဆင်းပွဲသို့ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားရာတွင် အဆင့်မြင့်အရာရှိကြီးများအနေဖြင့် မှန်ကန်သည့်ခေါင်းဆောင်မှုနှင့် မှူတသော ဆုံးဖြတ်ချက်များဖြင့် ဌာနအဖွဲ့အစည်း တိုးတက်အောင်မြင်ရန် စနစ်တကျ လုပ်ဆောင်သွားကြရမည်ဖြစ်ပြီး လက်အောက်ဝန်ထမ်းများကိုလည်း အတွေးအခေါ် မှန်ကန်ရေးနှင့် မှန်ကန်သောလမ်းကြောင်းပေါ်သို့ရောက်ရှိရေး ညွှန်ကြားပြသပေးကြရန်၊ နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒများနှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိတို့ဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ရည်မှန်းချက်များ အောင်မြင်စေရေး အဘက်ဘက်က စဉ်းစားတွေးခေါ် သုံးသပ်ပြီး လုပ်သင့်လုပ်ထိုက်သည်များကို ရဲရဲဝံ့ဝံ့ မှန်မှန်ကန်ကန်ဖြင့် ဦးဆောင်အကောင်အထည်ဖော်ကြရန်၊ မိမိတို့ လုပ်ငန်းတာဝန်များကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်နိုင်စွမ်းရှိသူများအဖြစ် အစဉ်ကြိုးပမ်းထမ်းဆောင်ကြရန် မှာကြားကာ သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်သည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား ၁၉ ဦး၊ သင်တန်းသူ ရှစ်ဦး စုစုပေါင်း ၂၇ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၂၁ မှ နိုဝင်ဘာ ၁၂ ရက်အထိဖြစ်ကြောင်း သိရသည်။




ဆက်လက်၍ ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် တက္ကသိုလ်ပင်မရုံးတွင် တက္ကသိုလ်မှတာဝန်ရှိသူများ၊ ပါမောက္ခ၊ ပညာဌာနမှူးများနှင့်တွေ့ဆုံ၍ စီမံခန့်ခွဲရေးဆိုင်ရာများ၊ လုံခြုံရေးနှင့်လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားကာ ရတနာခန်းမတွင် တက္ကသိုလ်ရှိ အရာထမ်းများ၊ အမှုထမ်းများ၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ ဩဝါဒစကား ပြောကြားသည်။

ထို့ပြင် အရာထမ်းလောင်း (အထူး) သင်တန်းအမှတ်စဉ်(၁၅)၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြီး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုးက ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ ဘွဲ့လက်မှတ်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ တောင်သူများအတွက် စပါးတိုက်ရိုက်မျိုးစေ့ချကိရိယာ(Drum Seeder) များ ပေးအပ်

**ပဲခူး နိုဝင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း) ရှိ တောင်သူများအတွက် စပါး တိုက်ရိုက်မျိုးစေ့ချ ကိရိယာ (Drum Seeder) ချီးမြှင့်ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးသီးနှံအလိုက် "မျိုး၊ မြေ၊ ရေ၊ နည်း" ပြောင်းလဲဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် အဓိကသီးနှံ ၁၃ မျိုးတွင် နွေစပါးအပါအဝင် သီးနှံ ခုနစ်မျိုး ပန်းတိုင်အထွက်နှုန်း ကျော်လွန်ရရှိပြီဖြစ်ကာ ရေကြီး ရေနက်ကွင်းများကိုလည်း ရေတော်မိုးတော်လယ်မြေအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေး ရေကြောင်းရှင်းလင်းခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေမြေဒေသအလိုက် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ သုံးစွဲသွားရမည်ဖြစ်သကဲ့သို့ တန်ဖိုးမြင့် ပေါ်ဆန်းစပါး မျိုးများကိုလည်း ပျိုးထောင်စိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းနှင့် လက်ဆွဲ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းများကို အထူးအလေးထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တောင်သူများအား စပါးတိုက်ရိုက်မျိုးစေ့ချကိရိယာ(DrumSeeder) ၇၅၀ ကို လွှဲပြောင်းပေးအပ်ကာ စပါးတိုက်ရိုက်မျိုးစေ့ချ ကိရိယာနှင့် ပတ်သက်၍ နည်းပညာအသိပညာပေး Video Clip ကို ကြည့်ရှုသည်။

ယင်းနောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးက လက်ဆွဲမျိုးစေ့ချကိရိယာများ အသုံးပြုရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြပြီး ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် တောင်ငူခရိုင်တို့၏ ကိုယ်စားပြုတောင်သူတစ်ဦးက တိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်မှုအပေါ် လိုက်နာဆောင်ရွက်ခဲ့ခြင်းကြောင့် စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းတိုးတက်ရရှိခဲ့သည့် အတွေ့အကြုံများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တောင်သူများသို့ လွှဲပြောင်းပေးအပ်မည့်စပါးတိုက်ရိုက် မျိုးစေ့ချကိရိယာများကို လှည့်လည်ကြည့်ရှုအားပေးသည်။(**အပေါ်ယာပုံ**) ပဲခူး တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဒေသတွင်းထုတ် စပါးတိုက်ရိုက်မျိုးစေ့



ချကိရိယာကို ငွေကျပ် နှစ်သိန်းနှုန်းဖြင့် ဖြန့်ဝေပေးခြင်းဖြစ်ကာ ရှစ်တန်းသွားဖြစ်ခြင်း၊ သုံးစွဲရ လွယ်ကူခြင်း၊ မျိုးစပါး လေလွင့်မှုမရှိခြင်း၊ ၂၂ လက်မ ဘီးတပ်ဆင်ထားသဖြင့် ရေကြီးရေနက်ကွင်းများတွင် အသုံးပြုနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရှိကြောင်း သိရသည်။

ယင်းနောက် ပဲခူးမြို့ စက်မှုနယ်မြေအတွင်းရှိ အဝင်လမ်းများ၊ အတွင်းလမ်းများ ပြန်လည်အဆင့်မြှင့်တင်နိုင်ရေး၊ ပဲခူးမြို့ ဥသျှောမြို့သစ် သမိန်ဗရမ်းလမ်း အဆင့်မြှင့်တင်နေမှုနှင့် ကျွန်းသာယာရပ်ကွက်အတွင်းလမ်းများ ကွန်ကရစ်ခင်းနိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လမ်းဘေးရေးမြောင်းများ တစ်ပါတည်းဖော်ရန်နှင့် လမ်းဧရိယာအတွင်း ကျူးကျော်မှုများ မရှိစေရေး စစ်ဆေးဆောင်ရွက်ရန်တာဝန်ရှိသူများအားမှာကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**
**ကြေညာချက်**

၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို ၁၃-၁၁-၂၀၂၅ ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ Website: https://www.dtvet.gov.mm နှင့် သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**
**ကြေညာချက်**

၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို ၁၃-၁၁-၂၀၂၅ ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၏ Website: http://www.dast.edu.mm နှင့် သက်ဆိုင်ရာတက္ကသိုလ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

**နေပြည်တော် နိုဝင်ဘာ ၁၂** – ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေကာ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်

၄၅ ရက်

သာ လိုတော့သည်။

- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် ၂၈-၁၂-၂၀၂၅ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် (၁၀၂) မြို့နယ်ကိုလည်းကောင်း၊ ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅) ဖြင့် ၁၁-၁-၂၀၂၆ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် (၁၀၀) မြို့နယ်ကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် (၅၆)နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၉)နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၅၆)နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

❏ *ကျော့ဖုံးမှ*

စက်ရုံသို့ ရောက်ရှိစစ်ဆေးရာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများက ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှစ၍ အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်ဖျက်ဆီးခဲ့ခြင်းကြောင့် ကွန်ကရစ်ဇလီဖားစက်ရုံ၏ ပျောက်ဆုံး/ပျက်စီးသွားခဲ့သော စက်စွည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ အရန်ထားရှိသည့်ပစ္စည်းများ၊ ယာဉ်ယန္တရားများ စုစုပေါင်း ၁၇၉ မျိုး၊ ကာလတန်ဖိုးငွေကျပ် ၃၈၈၈ ဒသမ ၆၂ သန်း ခန့်ဆုံးရှုံးခဲ့ရသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက စက်ရုံ အမြန်ဆုံး ပြန်လည်လည်ပတ်နိုင်ရေးနှင့် လုပ်ငန်းအပေါ်မူတည်၍ အရေးကြီးသည့်ကဏ္ဍအလိုက် ဦးစားပေးဆောင်ရွက်ရန် ကိစ္စရပ်များကို မှာကြားကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ယင်းနောက် သီပေါမြို့ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(အော်တိုအိတ်ချိန်း)ရုံး၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန(မြို့နယ်ရုံး)၊ သီပေါဘူတာနှင့် မြန်မာ့စာတိုက်လုပ်ငန်း (သီပေါစာတိုက်) တို့ကို ကြည့်ရှုစစ်ဆေးကာ မြန်မာ့စာတိုက်လုပ်ငန်း(သီပေါစာတိုက်)၌ ဝန်ကြီးဌာန၏ ဌာနဆိုင်ရာ တာဝန်ရှိသူများအားတွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းပြီး ရည်မှန်းချက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရေးနှင့် မိမိတို့၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာ၌ စေတနာထားကြိုးစားဆောင်ရွက်ရေး ကိစ္စများကို မှာကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

### ထောက်ပံ့ငွေများ ပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျောက်မဲမြို့သို့သွားရောက်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ယာဉ်စည်းကမ်းလမ်းစည်းကမ်းပညာပေးသင်တန်းခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

### လမ်းပိုင်းကြံ့ခိုင်မှုစစ်ဆေး

ဆက်လက်၍ ကျောက်မဲဘူတာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘူတာနှင့် ယာဒ်ဝန်းများသန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ရထားများပြန်လည်ပြေးဆွဲနိုင်ရေးအတွက် လမ်းပိုင်းကြံ့ခိုင်မှုအခြေအနေများကို စစ်ဆေးပြုပြင်သွားရန်ကိစ္စရပ်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နောင်ချိုမြို့နယ်ရှိ ဂုတ်ထိပ်ဘူတာသို့ ရောက်ရှိပြီး ရာနှုန်းပြည့်ပြန်လည်ပြုပြင်ပြီးစီးပြီဖြစ်သည့် ဂုတ်ထိပ်တံတားကြီးပေါ်မှ ကုန်တန်ချိန် ၂၀၉ တန် တင်ဆောင်ထားသည့် ရထားတွဲဆိုင်းဖြင့် စမ်းသပ်ဖြတ်သန်းမောင်းနှင်နေမှုကို ကြည့်ရှုကာ RGC သံလမ်းပြေးယာဉ်ဖြင့် ဂုတ်ထိပ်ဘူတာမှ လားရှိုးဘက်ခြမ်းတံတားထိပ်အထိ လိုက်ပါစီးနင်း၍ ကြည့်ရှုစစ်ဆေးသည်။

### ရှေးမူမပျက် ပြန်လည်ပြင်ဆင်

အဆိုပါ ဂုတ်ထိပ်တံတားသည် ယခုနှစ် ဩဂုတ် ၂၄ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခံရမှုကြောင့် တံတားကြီး၏ လားရှိုးဘက်အခြမ်း ကမ်းကပ်ခုံနှင့် တံတားတိုင်အမှတ် ၁၆ အကြား တံတားသံပေါင်နှစ်ဖက် စလုံးကျိုးကျပျက်စီးခဲ့ရပြီး ယင်းပျက်စီးသွားသော တံတားသံပေါင်နေရာများတွင် မြန်မာ့မီးရထား အင်ဂျင်နီယာဌာန၏ တံတားပေါင်အလုပ်ရုံ (ရန်ကုန်) မှ ထုတ်လုပ်သည့် သံပေါင်များဖြင့် ရက်ပေါင်း ၇၆ ရက်အတွင်း ပြန်လည်အစားထိုးတပ်ဆင်ပြီး ရှေးမူမပျက် ပြန်လည်ပြင်ဆင်နိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက ဂုတ်ထိပ်တံတားကြီးကို အချိန်တိုအတွင်း အမြန်ပြီးစီးအောင် ကြိုးစားဆောင်ရွက်ခဲ့ကြသည့် တံတားပြန်လည်တည်ဆောက်ရေး လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော မြန်မာ့မီးရထားမှ အရာထမ်း၊ အမှုထမ်းများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

### သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဂုတ်ထိပ်ဘူတာသို့ RGC ရထားဖြင့်ပြန်လည်ရောက်ရှိပြီး သမိုင်းအမွေအနှစ်တံတားကြီးတစ်ခုဖြစ်သည့် အပြင် ပြည်တွင်းပြည်ပမှခရီးသွားများ အထူးစိတ်ဝင်စားသည့် နေရာတစ်ခုဖြစ်သည့်အတွက် ဘူတာနှင့် ဘူတာယာဒ်ဝန်းအား အမြဲတမ်းသန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ယခုအခါ မြန်မာ့မီးရထားမှ အင်ဂျင်နီယာဝန်ထမ်းများက အဆိုပါ ဂုတ်ထိပ်တံတားကြီး၏ ပျက်စီးသွားသည့် အစိတ်အပိုင်းကို ရှေးမူရင်းလက်ရာ ဒီဇိုင်းပုံစံအတိုင်း ပြန်လည်ပြင်ဆင်ပြုပြင်ပြီးစီးပြီဖြစ်၍ ယခင် ပြင်ဦးလွင်ဘူတာမှ ဂုတ်ထိပ်ဘူတာသို့ ပြေးဆွဲပေးလျက်ရှိသော ရှုခင်းကြည့် RBE ရထားများကိုလည်း မကြာမီ ပြန်လည်ပြေးဆွဲပေးသွားနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဝေါမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေး

ဝေါ နိုဝင်ဘာ ၁၂

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အတွင်းရှိမြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက် ၁၁ နာရီက (ကမာကဘန်ကျေးရွာ)ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဒုတိယ အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မဲဆန္ဒရှင်များအား မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် သုံးစွဲပုံအဆင့်ဆင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာသူ ကျေးရွာသားများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် ကိုယ်တိုင်လက်တွေ့စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ကြပြီး သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြန်အောင်၌ MEVM ဆိုင်ရာနည်းပညာအထောက်အကူပြု ဆင့်ပွားသင်တန်း ဖွင့်လှစ်

မြန်အောင် နိုဝင်ဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်က MEVM ဆိုင်ရာ နည်းပညာ အထောက်အကူပြု ဆင့်ပွားသင်တန်း(မြို့နယ်အဆင့်)ဖွင့်ပွဲကို ယနေ့နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးနေမင်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်ညွန့်နှင့် တာဝန်ရှိသူများက မဲပေးစက်၏ ဖွဲ့စည်းတည်ဆောက်ပုံ MEVM စက်ဖြင့်စမ်းသပ်မဲပေးမှုအဆင့်ဆင့် လုပ်ငန်းစဉ်များ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) နှင့်ပတ်သက်၍ နည်းပညာဆိုင်ရာအခက်အခဲဖြစ်ပေါ်ပါက အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ရမည့်နည်းလမ်းများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက် တပ်ဆင်အသုံးပြုပုံကို ရှင်းလင်းပြသခဲ့ပြီး မြန်မာအီလက်ထရောနစ်မဲပေးစက်ကိုလက်တွေ့တပ်ဆင် အသုံးပြုခဲ့ကြကြောင်း သိရသည်။

ဝင်းမိုလ်

(ပြန်/ဆက်)

# ဘက်လိုက်ခြင်းကင်း ပညာခင်း၍ အမှားမီဒီယာမှာ မမျှော်နှင့် ...

မိုးမြင့်

ယနေ့ ကမ္ဘာ့နိုင်ငံအများစုဟာ မီဒီယာရဲ့သက်ရောက်မှုဒဏ်ကို အကြီးအကျယ်ခံနေရပါတယ်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေပါပဲ။ တည်ငြိမ်မှုနဲ့ အချုပ်အခြာကို အသည်းအသန်ကာကွယ်နေရတဲ့ နိုင်ငံအများစုဟာ မီဒီယာတွေရဲ့ ခြိမ်းခြောက်မှုကို တစ်ဖက်သတ်အခံရဆုံးဖြစ်နေပါတယ်။ မီဒီယာတွေဟာ အကြမ်းဖက်အဖွဲ့အစည်းတစ်ခုခု၊ နိုင်ငံရဲ့ဆန့်ကျင်ဘက်မှာ တစ်ဖက်သတ် ရပ်တည်ခွင့်ရသွားခဲ့ရင် ထိုနိုင်ငံ၊ ထိုလူ့အဖွဲ့အစည်းအတွက် အနုတ်လက္ခဏာ ဖြစ်သွားပါတယ်။

### BBC ထိပ်သီးနှစ်ဦးနုတ်ထွက်မှုကနေ

ယနေ့ခေတ်မှာ သတင်းတု fake news၊ သတင်းမှား misinformations နဲ့ လုပ်ကြံသတင်း disinformations တွေရဲ့ ထိုးနှက်မှုဒဏ်ကို နိုင်ငံအတော်များများဟာ ပြင်းပြင်းထန်ထန် ခံစားကြရပါတယ်။ မိမိနိုင်ငံအတွင်းထဲအထိ စိမ့်ဝင်ဖျက်ဆီးပျက်စီးမှုအကြောင်းတရားများစွာမှာ မီဒီယာဖိအားက တစ်ခုအပါအဝင်ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ BBC, VOA, RFA, DVB စတဲ့ မီဒီယာတွေရဲ့ ထိုးနှက်တိုက်ခိုက်မှုဒဏ်ကို ခံစားခဲ့ရတာ နှစ်ပေါင်းများစွာရှိခဲ့ပါပြီ။ ယခုတော့ အမေရိကန်အလှည့်ဖြစ်သွားပါပြီ။ အမှန်က BBC ဟာ တစ်ကမ္ဘာလုံးကို ဂြိုဟ်မွှေနေခဲ့တာပါ။ ယခုအချိန်မှာတော့ မြန်မာပြည်သူတွေအနေနဲ့ BBC ရဲ့ အတွင်းသရုပ်မှန်ကို ပိုပြီး သိသင့်ပါတယ်။ အချက်ပေးခေါင်းလောင်းသံအဖြစ် ဒီအသံကို ပိုပြီးကြားစေချင်ပါတယ်။

**အဖြစ်အပျက်ကတော့ ယခုရက်ပိုင်းအတွင်း ထွက်ပေါ်လာတဲ့ သတင်းတွေကြောင့်ပါ။ BBC ရဲ့ ထိပ်ပိုင်းခေါင်းဆောင် နှစ်ဦးဖြစ်တဲ့ ညွှန်ကြားရေးမှူးချုပ် Tim Davie နဲ့ သတင်းဆိုင်ရာ CEO Deborah Turness တို့ဟာ သတင်းတင်ဆက်ရာမှာ အဂတိအမှားတွေ ရှိခဲ့တဲ့အတွက် တာဝန်ယူနုတ်ထွက်လိုက်ရပြီ ဆိုတဲ့အကြောင်းပါ။ သူတို့တွေ ဦးဆောင်တဲ့ BBC ဟာ တစ်ကမ္ဘာလုံးကို အထင်အမြင်မှားအောင် မျက်လှည့်ပြခဲ့ကြပါတယ်။ ၂၀၂၁ ခုနှစ်က US ကယ်ပီတယ်မှာ ဆူပူဆန္ဒပြမှုတွေမဖြစ်ပွားခင် သမ္မတထရမ့်ရဲ့ မိန့်ခွန်းတစ်ခုကို BBC ကနေ ဖြတ်၊ ညှပ်၊ ကပ် တည်းဖြတ်ခဲ့ကြတယ်။ လွှတ်တော်စီးနင်းမှုက သမ္မတထရမ့်ရဲ့ လှုံ့ဆော်မှုကြောင့် ဖြစ်ရကြောင်း ထရမ့်မပြောတဲ့စကားကို ပြောသယောင် လိုသလို ဖြတ်၊ ညှပ်၊ ကပ်နဲ့ တည်းဖြတ်ထုတ်လွှင့်ခဲ့ကြတယ်။ အမှန်ကိုအမှား၊ အမှားကို အမှန် လုပ်ခဲ့ကြခြင်းဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။**

အဖြစ်အပျက်ကတော့ ယခုရက်ပိုင်းအတွင်း ထွက်ပေါ်လာတဲ့ သတင်းတွေကြောင့်ပါ။ BBC ရဲ့ ထိပ်ပိုင်းခေါင်းဆောင်နှစ်ဦးဖြစ်တဲ့ ညွှန်ကြားရေးမှူးချုပ် Tim Davie နဲ့ သတင်းဆိုင်ရာ CEO Deborah Turness တို့ဟာ သတင်းတင်ဆက်ရာမှာ အဂတိအမှားတွေရှိခဲ့တဲ့အတွက် တာဝန်ယူနုတ်ထွက်လိုက်ရပြီဆိုတဲ့အကြောင်းပါ။ သူတို့တွေ ဦးဆောင်တဲ့ BBC ဟာ တစ်ကမ္ဘာလုံးကို အထင်အမြင်မှားအောင် မျက်လှည့်ပြခဲ့ကြပါတယ်။ ၂၀၂၁ ခုနှစ်က US ကယ်ပီတယ်မှာ ဆူပူဆန္ဒပြမှုတွေမဖြစ်ပွားခင် သမ္မတထရမ့်ရဲ့ မိန့်ခွန်းတစ်ခုကို BBC ကနေ ဖြတ်၊ ညှပ်၊ ကပ် တည်းဖြတ်ခဲ့ကြတယ်။ လွှတ်တော်စီးနင်းမှုက သမ္မတထရမ့်ရဲ့ လှုံ့ဆော်မှုကြောင့်ဖြစ်ရကြောင်း ထရမ့်မပြောတဲ့စကားကို ပြောသယောင် လိုသလို ဖြတ်၊ ညှပ်၊ ကပ်နဲ့ တည်းဖြတ်ထုတ်လွှင့်ခဲ့ကြတယ်။ အမှန်ကိုအမှား၊ အမှားကိုအမှန် လုပ်ခဲ့ကြခြင်းဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်

မီဒီယာတွေဟာ အများပြည်သူကို ဘယ်လိုများ လှည့်စားတတ်ကြပါသလဲ။ ယခင်က ဖြတ်၊ ညှပ်၊ ကပ် ကနေ ယနေ့ AI ကိုပါ အသုံးပြုပြီး ယုတ်ယုတ်မာမာ အသုံးချနေကြပါပြီ။ သတင်းအချက်အလက်ကို လိုသလိုဖြတ်တောက်မယ်၊ ကိုယ်လိုချင်တဲ့အပိုင်းအစကိုယူမယ်။ သတင်းတု၊ သတင်းမှားအဖြစ် ပုံသွင်းမယ်။ သတင်းတွေကို AI နဲ့ပြင်ယူမယ်။ သူတို့ပစ်မှတ်က ခံစားလွယ်ပြီး အကဲဆတ်တဲ့အုပ်စုတွေဖြစ်မယ်။ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အထင်လွဲအောင် ဝါဒဖြန့်မယ်၊ သွေးခွဲမယ်၊ တစ်စိတ်ကို တစ်အိတ်လုပ်မယ်။ လစ်ဘရယ် အယူနဲ့အတူ ယဉ်ကျေးမှု၊ ပညာရေးနဲ့ ဘာသာတရားကို ဖျက်ဆီးပစ်မယ်ဆိုတဲ့ စိတ်ခေတ်စစ်ဆင်ရေးအထိပါပဲ။

### ဘာကြောင့် ဘက်လိုက်ခဲ့ကြပါသလဲ

ဒီ့အတွက်လည်း BBC အကြီးအကဲတွေက သမ္မတထရမ့်ကို တောင်းပန်ခဲ့ရတယ်။ သူတို့ရဲ့ ဘက်လိုက်ဖော်ပြချက်အတွက် BBC သတင်းဌာနကို သမ္မတထရမ့်က ဒေါ်လာတစ်ဘီလီယံ ရလိုမှုနဲ့ တရားစွဲမယ်ဆိုပြီး ခြိမ်းခြောက်စာတစ်စောင် ပေးပို့ထားတယ်လို့လည်း သတင်းတွေမှာ ဖတ်ရပါတယ်။ သတင်းမီဒီယာကျင့်ဝတ် ရှိရတယ်ဆိုတာကို ဒီလိုသက်ရင့်ဝါရင့် အကြီးအကဲတွေအနေနဲ့ ဘာကြောင့် သတိမထားမိခဲ့ကြပါသလဲ၊ သတိမထားမိလောက်အောင်ဖြစ်ခဲ့ကြတဲ့ အကြောင်းတရားတွေကို သုံးသပ်ယူ ဆင်ခြင်ရမှာ ဖြစ်ပါတယ်။ အဂတိတရားတွေက သူတို့ကို ဘယ်လောက်တောင် အမှောင်ဖုံးခဲ့ကြသလဲ။ နိုင်ငံရေးအာဃာတတွေက သူတို့မျက်စိတွေကို ကန်းသွားစေခဲ့တယ်၊ ဘက်မလိုက်ရမှာကို ဘက်လိုက်ခဲ့ကြတယ်၊ ထရမ့်ကို ဆန့်ကျင်ပြီး ဘိုင်ဒင်ဘက်ကို အားပေးခဲ့ကြတယ်၊ ရီပတ်ဘလစ်ကန်တွေနေရာမှာ ဒီမိုကရက်တွေကို အစားထိုးချင်ပုံရတယ်။ ပုဂ္ဂိုလ်အစွဲနဲ့ ဘက်လိုက်မှန်း အလွန်သိသာခဲ့ပါတယ်။ ဒါကြောင့်လည်း ကမ္ဘာ့သတင်းဌာနကြီးတစ်ခုအနေနဲ့ ယခုအချိန်မှာ ကမ္ဘာ့ပြည်သူတွေရဲ့ ယုံကြည်မှုကို ဆုံးရှုံးလိုက်ရတယ်။ ကျွန်တော်တို့ မြန်မာပြည်သူတွေအနေနဲ့ကတော့ အတွေ့အကြုံတွေအပေါ်မှာ အခြေခံပြီး သင်ခန်းစာများ ရခဲ့ကြပြီးဖြစ်လို့ ပညာသိနောက်မှာ ပယောဂကင်းစွာနဲ့ အမှန်မြင်ကြရန်သာ လိုပါတယ်။

### နိုင်ငံအတွေ့အကြုံနှင့်အတူ

အခုလို အဖြစ်အပျက်တွေက ကမ္ဘာတစ်လွှားကျော်ကြားလှတဲ့ သတင်းဌာနကြီး တစ်ခုအတွက် ဖြစ်သင့်ပါရဲ့လား။ မြန်မာနိုင်ငံအနေနဲ့က နှစ်ပေါင်းများစွာကတည်းက တစ်သက်လုံး မုသားတွေနဲ့ ပြည့်နေတဲ့ ထွင်လုံးဖြီးလုံးတွေနဲ့ BBC ကို မိုးလုံးပြည့် မုသာဝါဒီအဖြစ် ယခင်ကတည်းက တံဆိပ်တပ်ခဲ့တာပါ။ "BBC ညာနေသည်၊ VOA လိမ်နေသည်၊ RFA ရန်တိုက်ပေးနေသည်၊ မိုးလုံးပြည့် မုသာဝါဒီ၊ လေလှိုင်းပေါ်က လူသတ်သမားများ" စတဲ့ Slogan ဟာ ထိုစဉ်က အလကား မဟုတ်ခဲ့ပါ၊ အမှန်တရားတစ်ခုပါ။ တစ်ကမ္ဘာလုံးကို ပတ်ပြီး ဒုက္ခပေးနေတဲ့၊ သွေးထိုးလှုံ့ဆော်နေတဲ့ သတင်းဌာနကြီးအဖြစ် ကမ္ဘာကြီးက အခုမှသာ ထင်ထင်ရှားရှား သိရတာပါ။ သူတို့လို သတင်းဌာနတွေဟာ အမှန်တရားဘက်က ဘယ်တုန်းကမှ မရပ်တည်ခဲ့ကြကြောင်း မြန်မာပြည်သူတွေကိုယ်တိုင်က သိနေတာကြာခဲ့ပါပြီ။

❝ အခုလို အဖြစ်အပျက်တွေက ကမ္ဘာတစ်လွှားကျော်ကြားလှတဲ့ သတင်းဌာနကြီးတစ်ခုအတွက် ဖြစ်သင့်ပါရဲ့လား။ မြန်မာနိုင်ငံအနေနဲ့က နှစ်ပေါင်းများစွာကတည်းက တစ်သက်လုံး မုသားတွေနဲ့ ပြည့်နေတဲ့၊ ထွင်လုံးဖြီးလုံးတွေနဲ့ BBC ကို မိုးလုံးပြည့်မုသာဝါဒီအဖြစ် ယခင်ကတည်းက တံဆိပ်တပ်ခဲ့တာပါ။ "BBC ညာနေသည်၊ VOA လိမ်နေသည်၊ RFA ရန်တိုက်ပေးနေသည်၊ မိုးလုံးပြည့် မုသာဝါဒီ၊ လေလှိုင်းပေါ်က လူသတ်သမားများ" စတဲ့ Slogan ဟာ ထိုစဉ်က အလကားမဟုတ်ခဲ့ပါ၊ အမှန်တရားတစ်ခုပါ။ တစ်ကမ္ဘာလုံးကိုပတ်ပြီး ဒုက္ခပေးနေတဲ့၊ သွေးထိုးလှုံ့ဆော်နေတဲ့ သတင်းဌာနကြီးအဖြစ် ကမ္ဘာကြီးက အခုမှသာ ထင်ထင်ရှားရှား သိရတာပါ။ သူတို့လို သတင်းဌာနတွေဟာ အမှန်တရားဘက်က ဘယ်တုန်းကမှ မရပ်တည်ခဲ့ကြကြောင်း မြန်မာပြည်သူတွေကိုယ်တိုင်က သိနေတာကြာခဲ့ပါပြီ ❞

BBC ဟာ အမှားတွေအောက်မှာ အကြမ်းဖက်တွေအတွက် အကွယ်အကာသက်သက် ဖြစ်ခဲ့တယ်။ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေအတွက်တော့ BBC နဲ့ပတ်သက်ရင် အလွန်နာကြည်းဖွယ်အဖြစ်အပျက်များစွာ ယနေ့တိုင်ရှိဆဲပါ။ ၁၉၈၈ အရေးအခင်းမှာ BBC စနက်တံက မီးပွားတစ်ခုဖြစ်ခဲ့တယ်။ ထိုအချိန် ထိုကာလမှာ BBC သတင်းထောက် ခရစ်စတိုဖာဂဲနက်စ်နဲ့ သပိတ်ကျောင်းသားတွေပေါင်းပြီး ကျောင်းသူတစ်ဦးကို လုံထိန်းတွေက မတရားပြုကျင့်ကြကြောင်း ယုတ္တိရှိရှိ လိမ်ညာဇာတ်တိုက်ပြီး အင်တာဗျူးခဲ့ကြဖူးတယ်။

အဲဒီ အင်တာဗျူးကြောင့်ပဲ ကျောင်းသားတွေ သွေးဆူပြီး ဆူပူဆန္ဒပြမှုဟာ ပိုမိုပြင်းထန်သွားခဲ့ရပါတယ်။ နောက်ဆုံး တပ်မတော်က အာဏာသိမ်းခဲ့ရတဲ့အခြေအနေအထိ ရောက်ခဲ့ရပါတယ်။ နောက်ပိုင်းကာလမှာ ထိုကျောင်းသူကပဲ သူကိုယ်တိုင် BBC နဲ့ ကျောင်းသားတွေပေါင်းပြီး လုပ်ကြံခဲ့ကြခြင်းဖြစ်ကြောင်း ဝန်ခံခဲ့တဲ့ အထောက်အထားတွေ ရှိခဲ့တယ်။ ထို့အပြင် သတင်းထောက်ဂဲနက်စ်ကိုယ်တိုင်က ထိုလုပ်ကြံဇာတ်လမ်းကနေ လူထုအုံကြွမှုဖြစ်အောင် ကိုယ်တိုင်လုပ်ခဲ့ခြင်းဖြစ်ကြောင်းလည်း ဝန်ခံခဲ့ကြောင်းကို မှတ်သားမိခဲ့ဖူးတယ်။ ဒါတွေက ကျွန်တော်တို့ကိုယ်တိုင် အသိမှား၊ အမြင်မှားနဲ့ ကိုယ်တိုင် ဂျင်းထည့်ခံခဲ့ကြရတဲ့ ဥပမာများထဲက တစ်ခုပါ။ BBC ဟာ လူတွေကို ထင်ယောင်ထင်မှား၊ အမြင်မှားအောင် သိမ်းသွင်းရာမှာ အလွန်တော်ပါပေတယ်။ BBC ကြောင့် မြန်မာပြည်သူတွေ သွေးကွဲခဲ့ရတယ်။ လူငယ်တွေကို လမ်းမှားတွန်းပို့ပြီး အကြမ်းဖက်ဘဝ ရောက်စေခဲ့တယ်။ လူအမြောက်အမြား သေကျေပျက်စီးခဲ့ရပြီး နိုင်ငံပါ သွက်သွက်ခါသွားခဲ့ရတဲ့အထိ ဖြစ်ခဲ့ရတယ်။

**ဒီနေရာမှာ မီဒီယာဆိုတာနဲ့ BBC တစ်ခုတည်းကို ဆိုလိုနေတာမဟုတ်ပါဘူး။ မြန်မာနိုင်ငံကို ဒုက္ခပေးနေတဲ့ မီဒီယာတွေမှာ BBC အပြင် ပြင်ပက VOA, RFA, DVB တို့လည်း ပါပါတယ်။ အတွင်းကဆိုရင် အဆင့်အတန်းနိမ့်လွန်းလှတဲ့ ခေတ်သစ်၊ မဇ္ဈိမ၊ မြန်မာနောင်း၊ ရောဝတီသတင်းဌာနတို့လို ပေးတာယူ၊ ကျွေးတာစား၊ ခိုင်းတာလုပ် အဆင့်ထက်မပိုတဲ့ ပုလင်းတူဘူးဆို့ မီဒီယာတွေပါ ပါတယ်။ အားလုံးဟာ မြန်မာနိုင်ငံအတွက် အဖျက်သက်သက် အပျက်သဘောချည်းပါပဲ။ အထူးသဖြင့် ပြည်တွင်းသတင်းဌာနတွေဟာ နိုင်ငံရေးအကျိုးအမြတ်ထင်ပေါ်လိုမှုတင်မက ငွေကြေးအမြတ်အစွန်းအထိ အရှက်တရားမရှိ ကျင့်ဝတ်သိက္ခာ မဲ့လွန်းလှကြောင်း တွေ့ရပါတယ်။**

ယနေ့ အမေရိကန်နိုင်ငံရေးလောကကို ကြည့်ရင် BBC လို သတင်းဌာနတွေဟာ ဘယ်လောက်တောင် အဖျက်အမှောင့်

*စာမျက်နှာ ၇ သို့*

# မြန်မာနိုင်ငံမှ I.S.P.E FC အမျိုးသမီးဘောလုံးအသင်းနှင့် ဂျပန်နိုင်ငံမှTOKYO VERDY BELEZA အမျိုးသမီးဘောလုံးအသင်းတို့ အာရှအမျိုးသမီးချန်ပီယံလိဂ် အုပ်စုအဆင့်ပွဲစဉ် ယှဉ်ပြိုင်ကစား

**ရန်ကုန် နိုဝင်ဘာ ၁၂**

မြန်မာနိုင်ငံမှ I.S.P.E FC အမျိုးသမီး ဘောလုံးအသင်းနှင့် ဂျပန်နိုင်ငံမှTOKYO VERDY BELEZA အမျိုးသမီး ဘောလုံးအသင်းတို့၏ အာရှအမျိုးသမီးချန်ပီယံလိဂ် ပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်ကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏ ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားသည်။

ထိုသို့ယှဉ်ပြိုင်နေမှုကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ အားကစားနှင့်ကာယပညာ ဦးစီးဌာနမှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများနှင့် ဘောလုံးပရိသတ်များက ကြည့်ရှုအားပေးကြရာ (ယာပုံ) ပွဲပြီးဆုံးချိန်တွင် ဂျပန်နိုင်ငံမှ TOKYO VERDY BELEZA အမျိုးသမီးဘောလုံးအသင်းက အနိုင်ရရှိခဲ့သည်။

မြန်မာနိုင်ငံမှ I.S.P.E FC အမျိုးသမီးဘောလုံးအသင်းသည် အာရှအမျိုးသမီး ချန်ပီယံလိဂ် ပြိုင်ပွဲ အုပ်စု(C)တွင် တောင်ကိုရီးယား၊ မြောက်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှ အမျိုးသမီးကလပ်အသင်းများနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး နိုဝင်ဘာ ၁၅ ရက်တွင် မြောက်ကိုရီးယားနိုင်ငံမှ NAEGO-HYANG FC အမျိုးသမီးဘောလုံးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**





## မန္တလေးမြို့ အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲ ပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၁၂**

မန္တလေးမြို့ နန်းမြို့တွင်းရှိ အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျောင်းခန်းမ၌ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက "ဘက်စုံပညာကိုရည်တို့လှမ်းချီ" သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။ ထို့နောက် တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိကြသူများ၊ ပညာရည်ချွန်ဆုရရှိကြသူများနှင့် မြို့နယ်အဆင့် အားကစားပြိုင်ပွဲများနှင့် ကာယ၊ ဉာဏပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက် လာကြသူများက ကျောင်းသား ကျောင်းသူများ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## မဲစာရင်းများပြည့်စုံမှန်ကန်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲစာရင်းတွင်ပါဝင်နိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် နိုဝင်ဘာ ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မဲစာရင်းများပြည့်စုံမှန်ကန်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲစာရင်းတွင်ပါဝင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတိုးဝင်းက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့်မဲစာရင်းများ မှန်ကန်စေရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာမြို့နယ်များအလိုက် မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးနှင့်ပတ်သက်ပြီး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

*စာမျက်နှာ ၆ မှ*

လုပ်ခဲ့ကြပါသလဲ။ အမှန်တရားအတွက်ဆိုရင်လည်း ဘာကြောင့် တွန့်ဆုတ်ခဲ့ကြပါသလဲ။ မြန်မာရေးရာနဲ့ပတ်သက်ရင် BBC အပါအဝင် သတင်းဌာနတွေဟာ သူတို့လိုရာကိုသာ ဖောင်းပေးဖော်ပြလေ့ရှိကြတယ်။ မီဒီယာတွေပေါ် မရောက်တဲ့ အမှန်တရားတွေ၊ နိုင်ငံတည်ဆောက်ရေးဆိုင်ရာ အပြုသဘော သတင်းအချက်အလက်တွေ များစွာရှိပေမဲ့ သူတို့ မဖော်ပြဝံ့ခဲ့ပါဘူး။ နိုင်ငံတော်အစိုးရရဲ့ ဆန့်ကျင်ဘက်အဖွဲ့တွေရဲ့ အမှားအယွင်းတွေကိုလည်း မထောက်ပြဝံ့ခဲ့ကြပါဘူး။ ယခု BBC နဲ့ ပတ်သက်တဲ့ အရှုပ်အရှင်း သတင်းအချက်အလက်ကိုတောင် အင်တာနက်စာမျက်နှာတွေမှာ ပြည့်ပြည့်စုံစုံ ဖော်ပြထားတာ မတွေ့ရပါဘူး။

**ဒီလိုအနေအထားကို အမေရိကန်နိုင်ငံရေးလောကမှာ မကြာမကြာ တွေ့ရလေ့ရှိတယ်။ ဥပမာဆိုပါစို့.. အမေရိကန်သမ္မတထရမ့်ကို ရုရှားနိုင်ငံက ထိန်းချုပ်ထားတယ်ဆိုတဲ့သတင်းကို မီဒီယာတွေမှာ ဖော်ပြလေ့ရှိပေမယ့် ဟီလာရီကလင်တန်တစ်ယောက် အရှေ့အလယ်ပိုင်းက အကြမ်းဖက်တွေနဲ့ ၂၀၁၃ ခုနှစ်အတွင်း အီဂျစ်မှာ တွေ့ဆုံခဲ့ပြီး အကြမ်းဖက်တွေနဲ့ပတ်သက်ခဲ့ပုံနဲ့ အကြမ်းဖက်တွေရဲ့ ထိန်းချုပ်မှုအောက်မှာ ရှိခဲ့တဲ့ပုံရိပ်ကိုတော့ အမေရိကန်မီဒီယာတွေမှာ ဖော်ပြထားတာ မရှိခဲ့ကြောင်း သတိထားမိပါတယ်။ သေချာတာကတော့ အမေရိကန် CIA နဲ့ အယ်လ်ခိုင်ဒါလို အကြမ်းဖက်တွေ အဆက်အသွယ်ရှိခဲ့ခြင်းကတော့ အမှန်အကန်ပါ။ ယနေ့အစွန်းရောက် ဘာသာရေးမှိုင်းတိုက်တဲ့ လှုပ်ရှားမှုကြီးရဲ့ နောက်ကွယ်မှာ အမေရိကန် CIA ရှိနေပါတယ်၊ BBC လို သတင်းဌာနတွေနဲ့ ပတ်သက်မှုရှိတယ်လို့ ဆိုလာရင်လည်း ငြင်းဖို့ရန် အထောက်အထား ရှိမှာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် လစ်ဘရယ်ဆန်လွန်းတဲ့ BBC ဟာ OIC ရဲ့ လက်ဝေခံ ရုပ်သေးရုပ်အဖြစ် ဝေဖန်မှုတွေ ရှိနေလို့ပါပဲ။ ဒီလိုပဲ အဖြေထွက်ပါတယ်။**

အချုပ်အားဖြင့်တော့ ဘယ်လိုအနေအထားမှာဖြစ်ဖြစ် မီဒီယာအမျိုးမျိုး၊ ပါတီအဖွဲ့အစည်းအသီးသီးမှာ နောက်ခံတွေ၊ ပံ့ပိုးမှုတွေ၊ ကူညီသူတွေဆိုတာ ရှိတတ်ကြတာ သဘာဝပါ။ ဘက်လိုက်မှုမကင်းနိုင်တာလည်း သဘာဝပါ။ သတိထားရမှာက အဲဒီနောက်ခံတွေရဲ့ လက်ဝေခံမဖြစ်ဖို့၊ ကြိုးဆွဲရာ ရုပ်သေးရုပ်မဖြစ်ဖို့၊ ခိုင်းဘက်ကျွန်ဖြစ်မသွားဖို့ အရေးကြီးတာ တစ်ခုပါပဲ။ ဘက်လိုက်မှုမကင်းနိုင်ရင်တောင် မယုတ်မာမိဖို့ လိုပါတယ်။ တာဝန်ယူတာဝန်ခံမှုရှိဖို့ လိုပါတယ်။ နိုင်ငံနဲ့ပြည်သူ အကျိုးစီးပွားကနေ မသွေဖည်ဖို့လိုပါတယ်။ ဖော်ပြပါ မကောင်းတဲ့အချက်တွေနဲ့ အစွန်းရောက်သွားခဲ့ရင် မိမိရဲ့ မီဒီယာသတင်းဌာနတစ်ခုဟာ ပြည်သူလူထုရဲ့ ယုံကြည်မှုကို ဆုံးရှုံးသွားနိုင်ကြောင်းကို သတိချပ်ရပါမယ်။ ထို့အတွက် သတိဉာဏ်ပညာနဲ့ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်း၊ ဆက်စပ်သုံးသပ်နိုင်စွမ်းဆိုတဲ့ ပညာကိုယ်ခံအားက အလွန်အရေးကြီးပါတယ်။

ပညာကိုယ်ခံအားကသာ ဖောက်ပြန်တဲ့မီဒီယာတွေရဲ့ထိန်းချုပ်မခံရအောင် ကာကွယ်ပေးနိုင်မှာဖြစ်ပါတယ်။ မီဒီယာတွေအနေနဲ့ ဉာဏ်အားအရေးကြီးသလို ငွေနဲ့ခင်းတဲ့လမ်းအမှား မလျှောက်မိစေဖို့လည်း လိုပါတယ်။ အများစု ဒုက္ခရောက်အောင်လုပ်ပြီး မိမိတစ်ဦးတည်း ကောင်းစားရေးကြည့်တဲ့ ယနေ့ အဖျက်အမှောင့်မီဒီယာတွေကို မြင်ရကြားရတာလည်း အလွန်အော့နှလုံးနာစရာ ကောင်းလွန်းနေပါတယ်။ အကုသိုလ်လည်း ကြီးလှတယ်။ တစ်ဦးချင်းကို လိမ်တာထက် လူများစွာကို နိုင်ငံပတ် ကမ္ဘာပတ်လိမ်ခြင်းက လူ့အဖွဲ့အစည်းကြီးထိ ပျက်စီးဒုက္ခရောက်စေတဲ့ အကုသိုလ်ထက် ကြီးတဲ့ အကုသိုလ် မရှိပါဘူး။

ဆင်ခြင်ရမှာက ယနေ့ ဖြစ်နေပျက်နေတဲ့ BBC ကို သံဝေဂယူပြီး Fake news မှာ မရူးမိဖို့ပါ၊ disinformation မှာ ဘယာကင်းဖို့နဲ့ mis-information မှာ ဘေးကင်းဖို့ရန်ပါပဲ။ အထက်က BBC အကြီးအကဲနှစ်ဦးလို သမ္မတထရမ့်ရဲ့ ဒဏ်တပ်ခြင်းခံနေရပုံကို ကြည့်ပြီး နောင်မှာ နောင်တမရစေချင်ပါ။ သံသရာမှာ အပါယ်မလားစေလိုပါ။ သာယာနေတဲ့ ကမ္ဘာကြီး သင့်ရဲ့ မုသားများအောက်မှာ မပျက်စီးစေလိုပါ၊ ဤသို့သာလျှင် ဆန္ဒဖြစ်မိပါတယ်။ ။

# ၂၀၂၄ ခုနှစ် လူမှုရေးကဏ္ဍလုပ်ရှားမှု ထူးချွန်ပထမဆုရရှိခဲ့သော မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့အား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်

**မကွေး နိုဝင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၃၄) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲနှင့် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သည့်ခရိုင်/မြို့နယ်များမှ ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းက မကွေးမြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့နာယက၊ တိုင်းဒေသကြီးဝန်ကြီးများ၏ ဇနီးများ၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေး အဖွဲ့နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြသည်။




ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီး၏ (၃၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် တင်ပြခဲ့သည့် မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်းကိုကြည့်ရှုကာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီး၏ (၃၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၌ မိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သဖြင့် လူမှုရေးကဏ္ဍတွင် ထူးချွန်ပထမဆုရရှိခဲ့သော မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေကျပ် ၃၅ သိန်းအား ပေးအပ်ချီးမြှင့်သည်။ **(အောက်ဝဲပုံ)**

ယင်းနောက် တိုင်းဒေသကြီးမိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက မိမိတို့ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှထုတ်ဝေသည့် မဂ္ဂဇင်းတွင် ရွေးချယ်ခံရသည့်စာမူဆုရှင်များနှင့် တိုင်းဒေသကြီးအတွင်း တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သည့် ခရိုင်/မြို့နယ်များကို ဂုဏ်ပြုဆုများချီးမြှင့်ပြီး တက်ရောက်လာသည့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူးက ရှေ့လုပ်ငန်းစဉ်များကို ချပြရှင်းလင်းခြင်းနှင့်လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ သုံးသပ်ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# မြစ်ကြီးနားမြို့ မြစ်ရေကြီးမြင့်မှုမှ ကာကွယ်နိုင်ရေး ရေထိန်းတံခါးများ တည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး



**မြစ်ကြီးနား နိုဝင်ဘာ ၁၂**

ကချင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် မြို့တော်မြစ်ကြီးနားမြို့အား ဧရာဝတီမြစ် ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရေးအတွက် ရေလျှံတားတမံ၊ ကျောက်စီမြေထိန်းနံရံများ တည်ဆောက်ကာကွယ်နိုင်ရေး ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းစီမံကိန်းများ ရေးဆွဲဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ယမန်နေ့က မြစ်ကြီးနားမြို့ပေါ်ရှိ ရေထိန်းတံခါးတည်ဆောက်ရေး လုပ်ငန်းများနှင့် ကျောက်စီရေထိန်းနံရံတည်ဆောက်ခြင်း လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးသည်။**(အပေါ်ယာပုံ)**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ ပမ္မတီး (ရေကြည်ရပ်ကွက်)အတွင်း မြစ်ရေမြင့်တက်လာပါက အစောဆုံးရေဝင်ရောက်လေ့ရှိသည့် ရေကြည်ချောင်းပေါက်နေရာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူ တည်ဆောက်လျက်ရှိသော ရေကြည်ချောင်းရေထိန်းတံခါးတည်ဆောက်ခြင်းလုပ်ငန်းစီမံကိန်းနေရာသို့ သွားရောက်ပြီး ရှင်းလင်းဆောင်၌ အကျယ် ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ တံခါး ခုနစ်ပေါက်ပါဝင်သည့် သံကူကွန်ကရစ်ရေထုတ်ရေထိန်း တံခါးဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ပြည်နယ်ဦးစီးမှူး၏ ရှင်းလင်းတင်ပြမှုအပေါ် ဘတ်ဂျက်နှစ်အလိုက် အရည်အသွေးပြည့်မီစွာ သတ်မှတ်ရာခိုင်နှုန်းအတိုင်း ဆောင်ရွက်ပြီးစီးရေး၊ အပြီးသတ်ဖြည့်စွက်ဆောင်ရွက်ရမည့်လုပ်ငန်းစီမံကိန်းများကိုလည်း ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောလျင်စွာ တင်ပြတောင်းခံနိုင်ရေး ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ရှမ်းစုရပ်ကွက်အတွင်းရှိ ဓမ္မရက္ခိတဝန်းသိုလ်ကျောင်းတိုက်အနီး ဧရာဝတီမြစ်ကမ်းဘေး၌ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသော ငြိမ်းချမ်းရေးခတ်တော်တိုက် စေတီကမ်းထိန်းလုပ်ငန်းစီမံကိန်းသို့သွားရောက်ပြီး အလျား ၁၄၅ ပေရှိ ကျောက်စီမြေထိန်းတမံတည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး မြေထိန်းတမံတည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် ဧရာဝတီမြစ်ဆိပ်ရှိ အင်ဂျန်းခချောင်းပေါက်နေရာ၌ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ကချင်ပြည်နယ် အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် အကျယ် ရှစ်ပေ၊ အမြင့် ၁၂ ရှိ ရေတံခါး သုံးပေါက်ပါဝင်သည့် သံကူကွန်ကရစ်ရေထုတ်ရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်း စီမံကိန်းနေရာသို့သွားရောက်ခဲ့ကြပြီး ရေထုတ်ရေထိန်း တံခါးတည်ဆောက်ခြင်း လုပ်ငန်းဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှုအခြေအနေများနှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စီမံကိန်းဧရိယာအတွင်း စက်ယန္တရားကြီးများဖြင့် Apron သံကူကွန်ကရစ် လောင်းခြင်း၊ အောက်ခံကြမ်းခင်း ကွန်ကရစ်လောင်းခြင်းနှင့် ရေထိန်းတံခါးအုတ်မြစ်တူးခြင်း လုပ်ငန်းများ အပါအဝင် ရေလွှဲမြောင်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ သတ်မှတ်ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည့် ရာခိုင်နှုန်းအတိုင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ပြီးစီးရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## နတ်မောက်မြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

**နတ်မောက် နိုဝင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက နတ်မောက်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ နတ်မောက်မြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "အလှဆုံးပန်းများ ပွင့်ကြပြီ" တေးသီချင်းဖြင့် ကပြဖျော်ဖြေ၍ အခမ်းအနားကိုဖွင့်လှစ်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်ဦးက ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးရေး၊ စာပေအသိပညာ ကြွယ်ဝရေးနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။



ဆက်လက်၍ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မင်္ဂလာပါ" သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အမြဲမပြတ် လေ့လာသင်ယူရေး စကားဝိုင်းတွင် စာရေးဆရာ တက္ကသိုလ်ဘုန်းနိုင်ရေးသားသော "တပြည်သူ မရွှေထား" စာအုပ်အား ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲနှင့် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိသည့်ကျောင်းသား ကျောင်းသူများအား တစ်ဦးချင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တက်ရောက်လာကြသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြခန်း၊ စာအုပ်စာစောင်ပြခန်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**လှဝင်း**

# ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပပြီးစီးတဲ့နောက်ပိုင်းမှာ ရပ်ရွာအေးချမ်းမယ်၊ လမ်းပန်းဆက်သွယ်ရေးတွေ ဖြောင့်ဖြူးလာမယ်၊ သွားလာနေထိုင်မှုနဲ့ လုပ်ကိုင်စားသောက်မှုတွေအတွက် ကောင်းတဲ့ပြောင်းလဲမှုတွေဖြစ်လာမယ်လို့ ထင်မြင်မိပါတယ်။

ဦးရဲညွန့် (မြဝတီမြို့)

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို လာမည့် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပတော့မည်ဖြစ်သည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရန် ရက်ပေါင်း ၄၅ ရက်သာ လိုတော့သည်။ ရွေးကောက်ပွဲအပိုင်း(၂)ကိုလည်း ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။ ထို့အတူ ရွေးကောက်ပွဲ အပိုင်း(၃)ကိုလည်း ရွေးကောက်ပွဲအပိုင်း(၂)ကျင်းပပြီး နှစ်ပတ်ခြားအကြာတွင် ကျင်းပသွားမည်ဖြစ်သည်။



ဦးဇော်ဝင်းလှိုင်



ဦးရဲညွန့်



ဦးသက်တင်ဦး



ဦးရဲသွေး



ဒေါ်နန်းသူဇာ

ထိုသို့ မကြာမီကျင်းပတော့မည့် ရွေးကောက်ပွဲနှင့်အတူ ပြည်သူများအနေဖြင့် ဖြစ်လိုသည့်ဆန္ဒကို ထပ်တူ သို့မဟုတ် အနီးစပ်ဆုံး ဖြည့်ဆည်းပေးနိုင်မည့်၊ နိုင်ငံတော်၏အကျိုးစီးပွား၊ ပြည်သူလူထု၏ အကျိုးစီးပွားကို ကိုယ်စားပြုဖော်ဆောင်ပေးနိုင်မည့်သူများကို ကိုယ်တိုင် ရွေးချယ် ခွင့်ရရှိတော့မည် ဖြစ်ပါသည်။ ထိုသို့ ပြည်သူများ၏ ဆန္ဒနှင့်အညီ ကျင်းပတော့မည့် ရွေးကောက်ပွဲအပေါ် မြဝတီဒေသခံပြည်သူများ၏ မျှော်လင့်ချက်စကားသံများကို မေးမြန်းဖော်ပြအပ်ပါသည်။

**ဦးဇော်ဝင်းလှိုင် (မြဝတီမြို့)**

မကြာခင်မှာကျင်းပတော့မယ့် အထွေထွေရွေးကောက်ပွဲကြီးမှာ မဲပေးနိုင်ဖို့အတွက် ရပ်ကျေးကော်မရှင်ရုံးမှာ မဲစာရင်းပါမပါ သွားကြည့်ခဲ့ပြီးပါပြီ။ မြဝတီမြို့ အမှတ်(၁)ရပ်ကွက် မဲဆန္ဒနယ်(၁)မှာ မဲပေးရတော့မှာ ဖြစ်တဲ့အတွက် ဝမ်းသာပါတယ်။ ဘာကြောင့်လဲဆိုတော့ မဲပေးပြီးသွားရင် တက်လာမယ့် အစိုးရရဲ့ ဦးဆောင်မှုနဲ့ ကျွန်တော်တို့ နိုင်ငံ အေးအေးချမ်းချမ်း ဖြစ်သွားမယ်၊ စီးပွားရေးတွေလည်း ဖြောင့်ဖြောင့်ဖြူးဖြူးနဲ့ လုပ်ကိုင်နိုင်ကြမယ်။ အခြေခံလူတန်းစားတွေအနေနဲ့ အဆင်ပြေနိုင်မယ့်အနေအထားတွေ တွေ့ရပါတယ်။

ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပပြီးစီးသွားတဲ့အချိန်မှာ ကျွန်တော်မြင်မိတာကတော့ လမ်းပန်းဆက်သွယ်ရေးတွေ ပိုကောင်းမွန်လာမယ်၊ စီးပွားရေးလုပ်ငန်းတွေလည်း ကောင်းကောင်းမွန်မွန်နဲ့ လုပ်ဆောင်နိုင်မှာဖြစ်တဲ့အပြင် အခြေခံလူတန်းစားတွေအတွက် ကုန်ဈေးနှုန်းတွေ ကျဆင်းလာနိုင်တယ်။ ဒါတွေက ဝမ်းသာရမှာဖြစ်ပါတယ်။

အခုကျင်းပမယ့် ရွေးကောက်ပွဲမှာ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) စက်နဲ့ မဲပေးရမှာဖြစ်တဲ့အတွက် တိကျမှန်ကန်မှု အများကြီးရှိမယ်လို့ ယုံကြည်ပါတယ်။ မဲသွားရောက်ပေးနိုင်ဖို့အတွက် နိုင်ငံသားစိစစ်ရေးကတ်နဲ့ ကိုယ်ရေးရာဇဝင် အချက်အလက်တွေကို စုဆောင်းထားပါတယ်။ ပြည်သူတွေအနေနဲ့ မဲပေးကြရမယ်။ ရွေးကောက်ပွဲကြီး အောင်မြင်သွားလို့ရှိရင် ဆင်းရဲသားလူတန်းစားတွေ တိုးတက်လာမယ်၊ စီးပွားရေးလုပ်ငန်းတွေ အဆင်ပြေလာမယ်၊ ကုန်ဈေးနှုန်းကျဆင်းလာမယ်လို့ ပြောချင်ပါတယ်။ မဲပေးတဲ့အခါမှာလည်း ကိုယ်ပေးချင်တဲ့ပါတီကို တိတိကျကျလေး ရွေးချယ်ပြီး မဲပေးဖို့တိုက်တွန်းချင်ပါတယ်။

**ဦးရဲညွန့် (မြဝတီမြို့)**

လာမယ့် ဒီဇင်ဘာ ၂၈ ရက်နေ့မှာ ဆန္ဒမဲပေးကြမယ်။ ကျွန်တော်တို့လို ငွေကြေးအားနည်းတဲ့ ဆင်းရဲသားတွေကတော့ ရွေးကောက်ပွဲအတွက် မဲတွေ ထည့်ချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ လမ်းပန်းဆက်သွယ်ရေးကအစ၊ ရပ်ရွာကအစ၊ အေးချမ်းလာမယ်လို့ မျှော်လင့်တယ်၊ ယူဆတယ်။ အခုလာမယ့် ရွေးကောက်ပွဲမှာ မြဝတီမြို့ မဲဆန္ဒနယ်အမှတ် (၁) မှာ သွားရောက်ပြီးတော့ မဲပေးရမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပပြီးစီးတဲ့နောက်ပိုင်းမှာ ရပ်ရွာအေးချမ်းမယ်၊ လမ်းပန်းဆက်သွယ်ရေးတွေ ဖြောင့်ဖြူးလာမယ်၊ သွားလာနေထိုင်မှုနဲ့ လုပ်ကိုင်စားသောက်မှုတွေအတွက် ကောင်းတဲ့ပြောင်းလဲမှုတွေ ဖြစ်လာမယ်လို့ ထင်မြင်မိပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲမှာ ဒေသခံပြည်သူတွေ လာရောက်ပြီးတော့ မဲလာထည့်ဖို့အတွက် နှိုးဆော်ပေးမယ်၊ ဝိုင်းဝန်းကူညီဆောင်ရွက်သွားမယ်။

အခုလိုရွေးကောက်ပွဲကို ကျင်းပပေးတဲ့အတွက် ဝမ်းသာပါတယ်။ အရင်ရွေးကောက်ပွဲတွေမှာတော့ ကိုယ်ပေးချင်တဲ့ပါတီကို အမှန်ခြစ်ပြီး ရွေးချယ်ရတာဖြစ်ပါတယ်။ အခုကတော့ စက်ကိရိယာနဲ့ မဲပေးရမှာဖြစ်တဲ့အတွက် ကိုယ့်ရဲ့အမည်ပါတယ်ဆိုရင် အမည်နံပါတ်နဲ့ မှတ်ပုံတင်ပြလိုက်ရင် တာဝန်ကျတဲ့အဖွဲ့တွေက စိစစ်ပြီး မဲရုံထဲကိုဝင်မယ်၊ စက်မီးဖွင့်တဲ့အခါမှာ ကြိုက်နှစ်သက်ရာကို ရွေးချယ်ပြီး ခလုတ်နှိပ်မဲထည့်ရမှာ ဖြစ်တယ်လို့ သိထားပါတယ်။

ဘယ်ပါတီကိုတော့ ပေးပါလို့တော့ မပြောလိုပါဘူး။ ကိုယ်ကြိုက်နှစ်သက်ရာ ကိုယ့်မှာ လုပ်ပိုင်ခွင့်ရှိပါတယ်။ ကိုယ်ကြိုက်နှစ်သက်ရာ ပေးပိုင်ခွင့်ရှိပါတယ်။ သူ့ဘာသာသူ လိုလားတဲ့သူကို ထည့်ကြရမှာပါ။ မကြာခင်မှာ ကျင်းပတော့မယ့် အထွေထွေရွေးကောက်ပွဲကြီးအတွက် ကြိုးစားပေးတဲ့ နိုင်ငံတော်အကြီးအကဲများကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်ကြီးက ဒီထက်မက တိုးတက်မယ်လို့လည်း ယူဆပါတယ်။

**ဦးသက်တင်ဦး (မြဝတီမြို့)**

အခုလာမယ့်ရွေးကောက်ပွဲမှာ မဲပေးတဲ့အခါမှာ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) စက်နဲ့ မဲပေးရွေးချယ်ရမှာဖြစ်တဲ့အတွက် ပိုပြီးတော့ အဆင်ပြေပါတယ်။ ကျွန်တော်တို့ မဲပေးရွေးချယ်မယ့် လူမျိုးကတော့ နိုင်ငံအတွက်၊ မြို့နယ်အတွက်၊ ရပ်ကွက်၊ ကျေးရွာပါမကျန် အားလုံးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်မယ့်သူမျိုးကို ရွေးချယ်မဲပေးသွားမှာ ဖြစ်ပါတယ်။ ဆန္ဒမဲလာရောက်ပေးဖို့အတွက် ပြည်သူလူထုတစ်ရပ်လုံး၊ ညီအစ်ကိုမောင်နှမအပါအဝင် သူငယ်ချင်းအပေါင်းအသင်းတွေပါမကျန် မဲပေးဖို့ တိုက်တွန်းထားပါတယ်။

နိုင်ငံတော်က ကျင်းပပေးမယ့် အထွေထွေရွေးကောက်ပွဲ အောင်မြင်သွားမယ်ဆိုရင် တိုင်းပြည်လည်း တိုးတက်လာမယ်၊ လူနေမှုအဆင့်အတန်းတွေလည်း မြင့်မားလာမယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် ပြည်သူတွေက သေချာဆန်းစစ်ပြီး ရည်မှန်းရွေးချယ်ပြီးတော့ မဲပေးရမှာ ဖြစ်ပါတယ်။ မဲတစ်ပြားကလည်း ကျွန်တော်တို့အတွက် အများကြီးတန်ဖိုးရှိပါတယ်။

**ဦးရဲသွေး(မြဝတီမြို့)**

မကြာခင် ကျင်းပတော့မယ့် ရွေးကောက်ပွဲမှာ ကျွန်တော် မဲပေးရွေးချယ်မယ့် လူမျိုးကတော့ နိုင်ငံအတွက် အားကိုးအားထားထိုက်တဲ့ သူတစ်ယောက်ဖြစ်စေချင်တယ်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ အားလုံးပူးပေါင်းဆောင်ရွက်ပေးကြပါလို့ နှိုးဆော်တိုက်တွန်းစကားဆိုချင်ပါတယ်။ အခုလိုမျိုး ရွေးကောက်ပွဲကျင်းပပေးတဲ့အတွက် ဝမ်းမြောက်မိတယ်။ ကိုယ်ရွေးချယ်မယ့် လူပုဂ္ဂိုလ်ကို အများကြီးအားကိုးအားထားပါတယ်။ ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပပြီးစီးတဲ့ နောက်ပိုင်းမှာ တိုင်းပြည်အေးချမ်းစေချင်တယ်၊ အလုပ်အကိုင်တွေအားလုံး အဆင်ပြေချောမွေ့စေချင်တယ်၊ ကိုယ်ရွေးချယ်လိုက်တဲ့ လူတွေလည်း ဖြစ်ပါစေလို့ ဆုတောင်းပါတယ်။

**ဒေါ်နန်းသူဇာ(မြဝတီမြို့)**

အခုလာမယ့် ရွေးကောက်ပွဲကနေ ကျွန်မတို့သဘောကျတဲ့ အစိုးရတစ်ရပ်တက်လာဖို့အတွက် အလွန်မျှော်လင့်ပါတယ်။ ကျွန်မတို့ နှစ်သက်တဲ့ ပါတီကို မဲပေးခွင့်ရမှာဖြစ်တဲ့အတွက် ပျော်ပါတယ်။ ကိုယ့်နိုင်ငံတော်ကောင်းဖို့အတွက် ရပ်တည်ပေးမယ့် နိုင်ငံ့ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်လာဖို့ကိုလည်း မျှော်လင့်ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံအတွက် အခွင့်အလမ်းတွေလည်း အများကြီးရရှိလာမှာ ဖြစ်ပါတယ်။ ကျွန်မတို့ မျှော်လင့်တဲ့အရာတွေ၊ လုပ်ငန်းခွင်တွေ အဆင်ပြေဖို့အတွက် ပြည်သူလူထုတွေရဲ့ အခက်အခဲတွေထဲကနေ လွတ်မြောက်ဖို့အတွက် အများကြီးမျှော်လင့်တယ်။ ကျွန်မတို့ မြန်မာနိုင်ငံတော်အစိုးရကြီးတစ်ရပ်၊ ပြည်သူလူထုအတွက် အကောင်းဆုံးဖြစ်လာမယ့် နိုင်ငံတော်အစိုးရသစ်တစ်ရပ်ကိုတော့ လိုချင်ပါတယ်၊ ဒါ အမှန်ဆုံးပဲ ပြောတာပါ။

**အောင်ဂျိုင်း**

**ဓာတ်ပုံ- မင်းမင်း**

## မြဝတီမြို့၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ

**မြဝတီ နိုဝင်ဘာ ၁၂**

မြဝတီမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ယမန်နေ့က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများကို ကျင်းပသည်။



ဦးစွာ မြို့နယ်ပညာရေးမှူး ဦးမိုးကျော်က အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မာမာရီက အခမ်းအနား ကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။ ဆက်လက်၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလင်းထက်အောင်က လူငယ်များ သိရှိလိုက်နာရမည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အချက်များကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့/မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး ဒေါ်ကြည်ကြည်စိန်က အရည်အသွေး ပြည့်ဝသည့် လူတော် လူကောင်းဖြစ်လာစေရန် စောင့်ထိန်းလိုက်နာရမည့် ပြုမူနေထိုင်မှုဆိုင်ရာ အချက်များကိုလည်းကောင်း ဟောပြောခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ**

**(ပြန်/ဆက်)**



ဖျာပုံမြို့ မြို့မဈေးကြီး မီးဘေးလုံခြုံရေးအတွက် ကြိုတင်ကာကွယ်ရေးဆိုင်ရာများကို ခရိုင်မီးသတ်ဦးစီးမှူး၏ ညွှန်ကြားမှုဖြင့် နိုဝင်ဘာ ၁၁ ရက်က မြို့နယ်မီးသတ်ဦးစီးမှူးနှင့်တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။

ခရိုင်(ပြန်/ဆက်)

(၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အကြိုဂုဏ်ပြုဆောင်းပါး

# အမျိုးသားရေးစိတ်ဓာတ် ဖော်ညွှန်းပြသည့် အမျိုးသားအောင်ပွဲနေ့

စောအောင်မင်း

နိုင်ငံတိုင်းတွင် ထူးမြတ်သည့် သမိုင်းဝင်နေ့များ ရှိကြသည်။ မြန်မာနိုင်ငံတွင်လည်း နေ့ထူးနေ့မြတ်များအဖြစ် လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့၊ အာဇာနည်နေ့များနှင့် အမျိုးသားအောင်ပွဲနေ့ စသည်ဖြင့် ရှိသည်။ အမျိုးသားအောင်ပွဲနေ့သည် မျိုးချစ်စိတ်ဓာတ်ဖြင့် နယ်ချဲ့တို့အား ဆန့်ကျင်ခဲ့သော သမိုင်းဝင်နေ့တစ်နေ့ ဖြစ်သည်။

**မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ**

မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ တိုင်းပြည်နှင့် လူမျိုးကိုချစ်ခင်သောစိတ်ဟု မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ အေးအတူပူအမျှ အတူတကွနေထိုင်ခဲ့ကြသူများ စည်းလုံးညီညွတ်စွာ နေထိုင်ခြင်း၊ နိုင်ငံနှင့်လူမျိုးတို့၏အကျိုးကို အစဉ်သယ်ပိုး ဆောင်ရွက်လိုသည့် စိတ်ဓာတ်ဖြစ်သည်။

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဆိုသည့် တိုင်းရင်းသားညီနောင်သားချင်းများ အတူတကွ စည်းလုံးညီညွတ်စွာ နေထိုင်ခဲ့ကြသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် နေထိုင်ခဲ့ကြသူများ ဖြစ်ကြသည်။ သို့ရာတွင် နယ်ချဲ့တို့သည် ၁၈၂၄ ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၅၂ ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၈၅ ခုနှစ်တွင် တစ်ကြိမ် ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲကာ မတရားသိမ်းပိုက်ခဲ့ခြင်းကြောင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ဆုံးရှုံးခဲ့ရပြီး သူ့ကျွန်ဘဝသို့ ရောက်ခဲ့ရသည်။

မြန်မာတို့သည် ဆုံးရှုံးသွားခဲ့သည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ရရှိရေး အတွက် နယ်ချဲ့တို့အား ရရာလက်နက်စွဲကိုင်၍ သူ့ကျွန်အဖြစ် နံ့နစ်မခံဆိုသည့် စိတ်ဓာတ်များဖြင့် တော်လှန်တိုက်ပွဲဝင်ခဲ့ကြသည်။ သို့ရာတွင် လက်နက်အင်အား၊ လူအင်အားမမျှတခြင်း၊ နည်းပညာခေတ်မမီခြင်း၊ စုစည်းညီညွတ်မှု အားနည်းခြင်းများကြောင့် အောင်မြင်မှုမရခဲ့ပေ။

မြန်မာတို့ နယ်ချဲ့လက်အောက်ကျရောက်ခဲ့သည့် ၁၈၂၄ ခုနှစ်မှ လွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ်အထိ နှစ်ပေါင်း ၁၂၄ နှစ်တိုင်အောင် နယ်ချဲ့တို့၏ လက်အောက်တွင် ကျွန်သပေါက်ဘဝသို့ ရောက်ခဲ့ရသည်။ ကျွန်ဆိုသည်မှာ သူတစ်ပါး၏ စိုးပိုင်စေခိုင်းခြင်းခံရသူဖြစ်ပြီး ကျွန်သပေါက်ဆိုသည်မှာ ကျွန်မှမွေးသော သား၊ သမီးဟု အဓိပ္ပာယ်ရသည်။ မြန်မာနိုင်ငံသည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာဆုံးရှုံးသွားချိန်တွင် နယ်ချဲ့တို့က တိုက်ရိုက်အုပ်ချုပ်ခြင်းမပြုဘဲ အတူတူကျွန်ဖြစ်ခဲ့သည့် အိန္ဒိယနိုင်ငံ ဘုရင်ခံချုပ်မှတစ်ဆင့် အုပ်ချုပ်ခြင်းကို ခံခဲ့ရသဖြင့် ကျွန်ထက်နိမ့်ကျသည့် ကျွန်သပေါက်ဖြစ်ခဲ့ရသည်မှာ များစွာရင်နာဖွယ်ရာဖြစ်ခဲ့ရသည်။

**လွတ်လပ်ရေးအတွက်**
**ကြိုးပမ်းတိုက်ပွဲဝင်ခဲ့**

လွတ်လပ်ရေးအတွက် လက်နက်ကိုင် တိုက်ပွဲဝင်ကြရာ အောင်မြင်မှုမရခဲ့ကြသော်လည်း စိတ်ဓာတ်မကျဘဲ၊ လက်ရုံးရည်နှင့် မအောင်မြင်ပါက နှလုံးရည်ဖြင့် တိုက်ပွဲဝင်မည်ဆိုသည့် စိတ်ဓာတ်ဖြင့် အခြေအနေပေးသည့်အချိန်တွင် အသင်းအဖွဲ့များ ဖွဲ့စည်းကာ လွတ်လပ်ရေးအတွက် ကြိုးပမ်းတိုက်ပွဲဝင်ခဲ့ကြသည်။ ၁၈၉၇ ခုနှစ်မှ စတင်၍ မော်လမြိုင်မြို့တွင် သာသနာ့ရေအသင်း၊ မြင်းခြံမြို့တွင် ဗုဒ္ဓကလျာဏမိတ္တအသင်း၊ မန္တလေးမြို့တွင် ဗုဒ္ဓသာသနာ့နုဂ္ဂဟအသင်း စသည့် ဘာသာရေးအသင်းများ ဖွဲ့စည်းခဲ့ကြသည်။

၁၉၀၆ ခုနှစ်တွင် အမျိုး၊ ဘာသာ၊ သာသနာ အကျိုးကိုဆောင်ရွက်မည်ဟု ရည်မှန်းချက်ဖြင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ် (ဝိုင်အမ်ဘီအေ)ကို စတင်ဖွဲ့စည်းခဲ့သည်။ ထိုအသင်းကြီးသည် ဗုဒ္ဓဘာသာအသင်းဆိုသော်လည်း နယ်ချဲ့တို့၏ လက်အောက်ခံဘဝမှ လွတ်မြောက်ရေးအတွက် နိုင်ငံရေးလှုပ်ရှားမှုများ၊ စည်းရုံးမှုများ၊ လူထုတိုက်ပွဲများဆင်နွှဲကာ နယ်ချဲ့တို့၏ ကျွန်သက်ရှည်ရေးစီမံကိန်းများကို ကန့်ကွက်ခဲ့သည်။ နယ်ချဲ့တို့အား တွန်းလှန်တိုက်ခိုက်ခဲ့သည့် စစ်ရေးလက်နက်ကိုင်တိုက်ပွဲမှ နိုင်ငံရေးတိုက်ပွဲနည်းအသွင်သို့ ပြောင်းလဲဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

၁၉၂၀ ပြည့်နှစ်တွင် ပြည်မြို့၌ ကျင်းပခဲ့သည့် ဝိုင်အမ်ဘီအေ၏ အဋ္ဌမအကြိမ် ကွန်ဖရင့်မှ ဝိုင်အမ်ဘီအေအသင်းကို မြန်မာအသင်းချုပ်ကြီး (ဂျီစီဘီအေ)ဟု အမည်ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ဂျီစီဘီအေအသင်းချုပ်ကြီး၏ လှုံ့ဆော်မှုကြောင့် မျိုးချစ်စိတ်ဓာတ်များ ကိန်းအောင်းလာကြပြီး လွတ်လပ်ရေးကြိုးပမ်းမှု လှုပ်ရှားမှုများ ပိုမိုဆောင်ရွက်နိုင်ခဲ့ကြသည်။

> ❍ ၂၀၂၅ ခုနှစ်တွင် ကျရောက်မည့် အမျိုးသားအောင်ပွဲနေ့သည် (၁၀၅) နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ အမျိုးသားအောင်ပွဲနေ့သည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေး ကြိုးပမ်းဆောင်ရွက်မှုသမိုင်းတွင် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ခဲ့သည့် သမိုင်းမှတ်တမ်းတစ်ခုဖြစ်သည်။ အမျိုးသားအောင်ပွဲနေ့သည် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ဆန့်ကျင်သပိတ်မှောက်ခဲ့သည့် လှုပ်ရှားမှုဖြစ်သော်လည်း နိုင်ငံသူ နိုင်ငံသားများ၏ အမျိုးသားရေးစိတ်ဓာတ်ကို ထုတ်ဖော်ပြသနိုင်ခဲ့သည့် နေ့ထူးနေ့မြတ်ဖြစ်
>
> ❐ တိုင်းရင်းသားပြည်သူများအနေဖြင့် အမျိုးသားရေးစိတ်ဓာတ် ဖော်ညွှန်းပြသခဲ့သည့်နေ့၊ လွတ်လပ်ရေးပြန်လည်ရရှိရေးအတွက် သန္နိဋ္ဌာန်ချခဲ့သောနေ့ဖြစ်သည့် အမျိုးသားအောင်ပွဲနေ့ကို အစဉ်အမြဲ တန်ဖိုးထားကြရမည်

**ပညာရည်နိမ့်ကျနေစေရန် ဆောင်ရွက်လာ**

နယ်ချဲ့တို့သည် ရေရှည်ကျွန်ပြုနိုင်ရန်အတွက် ပြည်သူများကို ပညာရည်နိမ့်ကျနေစေရန် ဆောင်ရွက်လာခဲ့သည်။ ကိုလိုနီတို့သိမ်းပိုက်ပြီးချိန်တွင် မြန်မာလူမျိုးတို့၏ စာတတ်မြောက်မှုနှုန်းသည် ၈၅ ရာခိုင်နှုန်းခန့် ရှိခဲ့သော်လည်း ၃၅ နှစ်ခန့်အကြာတွင် စာတတ်မြောက်မှုနှုန်းသည် ၃၅ ရာခိုင်နှုန်းထိ ကျဆင်းသွားခဲ့ရသည်။

ထိုစဉ်က မြန်မာနိုင်ငံ၌ အဆင့်မြင့်ပညာသင်ကြားရန်အတွက် သီးခြားတက္ကသိုလ်မရှိဘဲ အိန္ဒိယနိုင်ငံ ကာလကတ္တားတက္ကသိုလ် လက်အောက်ခံ ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်နှစ်ခုသာ ရှိခဲ့သည်။ ၁၉၂၀ ပြည့်နှစ် ဇွန်လတွင် ပညာရေးစနစ်သစ်တက္ကသိုလ်အက်ဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခဲ့သည်။ ထိုဥပဒေကြမ်းတွင် မြန်မာနိုင်ငံ၌ တက္ကသိုလ်တစ်ခုသာ ရှိရမည်။ ထိုတက္ကသိုလ်အောက်တွင် ကောလိပ်ကျောင်းတစ်ကျောင်းသာ ရှိရမည်။ ထိုတစ်ကျောင်းတည်းသော ကောလိပ်သည် ရန်ကုန်မြို့၌သာရှိရမည်။ သင်ကြားလိုသူများသည် ကျောင်းအိပ်ကျောင်းစားများသာ ဖြစ်ရမည်။ သင်ကြားခွင့်ရသူများသည် ပြင်ဆင်မှုအတန်းတွင် တစ်နှစ်နေကြရမည် စသည့်အချက်များပါရှိသည်။ ထိုအချက်အားလုံးသည် မြန်မာကျောင်းသားများကို ကန့်သတ်ချုပ်ချယ်ပြီး အဆင့်များ ခွဲခြားထားခြင်းဖြစ်သည်။

ထိုဥပဒေအရ ငွေကြေးတတ်နိုင်သူ လူနည်းစုသာ တက္ကသိုလ်ပညာသင်ယူခွင့်ရပြီး ပညာထူးချွန်သော်လည်း ငွေကြေးမတတ်နိုင်သူ လယ်သမား၊ အလုပ်သမားနှင့် လက်လုပ်လက်စားအောက်ခြေလူတန်းစားများ၏ သားသမီးများကို ပညာဆက်လက်သင်ကြားခွင့်မရရှိအောင် ချုပ်ချယ်ကန့်သတ်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ထိုဥပဒေကြမ်းကို ကောလိပ်ကျောင်းသားများ၊ ပြည်သူများ အားလုံးက အပြင်းအထန်ကန့်ကွက်ခဲ့ကြသော်လည်း မြန်မာနိုင်ငံဒုတိယဘုရင်ခံချုပ် ဆာရယ်ဂျီနယ်ကရက်ဒေါက်က မြန်မာများသည် ပညာရေးအကြောင်းနားမလည်ဟုဆိုပြီး ကန့်ကွက်မှုများကို လျစ်လျူရှုကာ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂ ရက်နေ့မှစ၍ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို အတည်ပြုကြောင်း ကြေညာခဲ့သည်။

ထိုရန်ကုန်တက္ကသိုလ်အက်ဥပဒေကို သပိတ်မှောက်ရန် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ရွှေတိဂုံဘုရားရင်ပြင် စနေထောင့်တွင် ရန်ကုန်ကောလိပ်ကျောင်းသား ၁၁ ဦးတို့ လျှို့ဝှက်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးခဲ့သည့်နေရာတွင် မော်ကွန်းကျောက်စာတိုင် ရေးထိုးထားသည်ကို ယနေ့တိုင် မြင်တွေ့နိုင်သည်။ ထိုကျောက်စာတွင် "ဤနေရာသည် မြန်မာသက္ကရာဇ် (၁၂၈၂) ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့က ရန်ကုန်ကောလိပ်ကျောင်းသားကြီး ၁၁ ဦး တွေ့ဆုံ၍ ရန်ကုန်ယူနီဘာစီတီ အက်ဥပဒေကို သပိတ်မှောက်ရန် သစ္စာအဓိဋ္ဌာန်ပြုသော နေရာပေတည်း။ ကျောင်းသားကြီး ၁၁ ဦး၏ အမည်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

၁။ ဘခင်
၂။ ဘိုးကွန်း
၃။ ဘဦး
၄။ အောင်ဒင်
၅။ ထွန်းဝင်း
၆။ ဖေသိန်း
၇။ ဘရှင် (သံတွဲ)
၈။ ဘရှင် (ထားဝယ်)
၉။ ကျေညီပိတ်
၁၀။ လှတင်
၁၁။ မောင်ဇ ဟူ၍ မော်ကွန်းကျောက်စာတွင် ရေးထိုးထားသည်။

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် ဗဟန်းမြို့နယ်ရှိ ရွှေကျင်ကျောင်းတိုက်ဆရာတော် ဦးအရိယကျောင်း၌ ကျောင်းသားအစည်းအဝေးကြီး ကျင်းပခဲ့သည်။ ထိုအစည်းအဝေး၌ ဒီဇင်ဘာလ ၇ ရက်နေ့တွင် တက္ကသိုလ်ဥပဒေကို သပိတ်မှောက်သွားရန်၊ ပညာရေးဥပဒေကို ပြင်ဆင်ပေးရေးအတွက် တောင်းဆိုသွားရန်နှင့် တောင်းဆိုချက်များ မပေးသမျှကာလပတ်လုံး ကျောင်းပြန်မတက်ရန် ဆုံးဖြတ်ခဲ့သည်။ ထို့ပြင် ရန်ကုန်တက္ကသိုလ်အက်ဥပဒေပါအချက်များကို ကန့်ကွက်ထားသည့် စာတစ်စောင်ကို ကျောင်းသားခေါင်းဆောင်ကိုဘဦးကိုယ်တိုင် လက်မှတ်ရေးထိုး၍ ဘုရင်ခံထံ ပေးပို့ခဲ့သည်။ ဘုရင်ခံထံမှ အကြောင်းပြန်ကြားခြင်းမပြုသဖြင့် ကျောင်းသားများက အမျိုးသားကျောင်းများထူထောင်ရန် သပိတ်စခန်း၌ ဂျီစီဘီအေခေါင်းဆောင်များနှင့် တိုင်ပင်ဆွေးနွေးခဲ့ကြသည်။

ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်များမှ ကျောင်းသားများက ဒီဇင်ဘာလ ၇ ရက်နေ့တွင် သပိတ်မှောက်ရန် စီစဉ်ခဲ့သော်လည်း အခြေအနေပြောင်းလဲသွားခြင်းကြောင့် ဒီဇင်ဘာ ၅ ရက် (တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် ) နေ့တွင် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် သပိတ်မှောက်ခဲ့ကြသည်။ တက္ကသိုလ်အက်ဥပဒေသည် တက္ကသိုလ်ကျောင်းသားများသာမက တက္ကသိုလ်ပညာသင်ယူမည့် အထက်တန်းကျောင်းသားများပါ ထိခိုက်နိုင်သဖြင့် အထက်တန်းကျောင်းသားများလည်း ပါဝင်လာကြသကဲ့သို့ နိုင်ငံတစ်ဝန်းရှိမိဘပြည်သူများ၊ ကျောင်းသား ကျောင်းသူများပါ ကျောင်းသားသပိတ်တွင် ပါဝင်လာခဲ့ကြသည်။ တက္ကသိုလ်ကို ရာသက်ပန် သပိတ်မှောက်ရန် ဆုံးဖြတ်ခဲ့ကြသည်။

**နိုင်ငံတစ်ဝန်း**
**အမျိုးသားကျောင်းများ ပေါ်ထွန်း**

၁၉၂၁ ခုနှစ် ဩဂုတ်လတွင် ရန်ကုန်မြို့ ဗဟန်းရွှေကျင်ကျောင်းတိုက်ကြီးတွင် အမျိုးသားကောလိပ်ကို ဖွင့်လှစ်ခဲ့သကဲ့သို့ အမျိုးသားပညာရေးကောင်စီကိုလည်း ဖွဲ့စည်းနိုင်ခဲ့သည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်လည်း အမျိုးသားကျောင်းများ ပေါ်ထွန်းလာခဲ့သည်။

ကျောင်းသားသပိတ်ကြောင့် မြန်မာတို့သည် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုကိန်းအောင်းလာကြသည်။ အမျိုးသားရေးစိတ်ဓာတ်ကြောင့် တောင်သူလယ်သမားအရေးတော်ပုံ၊ အလုပ်သမားသပိတ်နှင့် ၁၃၀၀ ပြည့် အရေးတော်ပုံများ ဆင်နွှဲနိုင်ခဲ့ကြသည်။

**အမျိုးသားအောင်ပွဲနေ့ ပေါ်ပေါက်လာပုံ**

၁၉၂၁ ခုနှစ် ဒီဇင်ဘာလအတွင်း မန္တလေးမြို့၌ ကျင်းပသည့်

*စာမျက်နှာ ၁၁ သို့*

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊စစ်ကိုင်း)သို့ တက်ရောက်မည့် သင်တန်းသား သင်တန်းသူများ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံမှ သြဝါဒခံယူ



**တောင်ကြီး နိုဝင်ဘာ ၁၂**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) သို့ တက်ရောက်မည့် သင်တန်းသား သင်တန်းသူများ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံမှ သြဝါဒခံယူခြင်းကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က မောင်တို့ မယ်တို့အနေဖြင့် သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း သင်တန်းက ချမှတ်ထားသည့် အမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းများကို တိကျလေးစားစွာ အလေးအနက်ထားလိုက်နာသွားကြရန်နှင့် အချင်းချင်းစည်းလုံးညီညွတ်စွာ ညီအစ်ကိုမောင်နှမသဖွယ်နေထိုင်ကြရန် မှာကြားလိုကြောင်း၊ ပြည်ထောင်စုဖွားတိုင်းရင်းသားပေါင်းစုံ တက်ရောက်ကြသည့် ကျောင်းတော်ကြီးတွင် စာပေပညာရပ်များကိုသာမက ပြည်ထောင်စုစိတ်ဓာတ် ဘာသာရပ်များ၊ ခေတ်နှင့်လျော်ညီသည့်အတတ်ပညာဘာသာရပ်များကိုပါ သင်ကြားပေးမည်ဖြစ်သည့်အတွက် ပညာရပ်အားလုံးကို စိတ်ပါဝင်စားစွာသင်ယူကြရန်နှင့် နောင်တွင် မောင်တို့မယ်တို့ တာဝန်ထမ်းဆောင်မည့် လုပ်ငန်းခွင်အထိ လက်တွေ့အသုံးချ လိုက်နာကျင့်သုံးကြရန် အထူးမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများအတွက် ပြည်နယ်ဝန်ကြီးချုပ်က ချီးမြှင့်ငွေပေးအပ်ရာ ကျောင်းသား ကျောင်းသူကိုယ်စားလှယ် နှစ်ဦးက လက်ခံရယူကြပြီး သင်တန်းသား သင်တန်းသူများကိုယ်စား ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တက်ရောက်မည့် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။ အဆိုပါပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း)သို့ ရှမ်းပြည်နယ်မှ တက်ရောက်မည့် သင်တန်းသား သင်တန်းသူ ၁၁၅ ဦးရှိကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ဒုတိယဝန်ကြီး ဦးထိန်လင်း ပြည်နယ်ဝန်ကြီးချုပ်ဖလား အလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ကြည့်ရှုအားပေး





**လွိုင်ကော် နိုဝင်ဘာ ၁၂**

ကယားပြည်နယ်၌ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ကယားပြည်နယ် လူမှုရေးရာ ဝန်ကြီး ဦးအောင်မျိုးသိန်း၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်းနှင့် အဖွဲ့သည် ယမန်နေ့က လွိုင်ကော်မြို့ရှိ ပြည်နယ်အားကစားကွင်းသို့ သွားရောက်၍ အားကစားဆိုင်ရာ အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်ဖလား အလွတ်တန်းဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကြည့်ရှုအားပေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပြည်နယ်အားကစားကွင်းအတွင်း ပြန်လည်ပြုပြင် တည်ဆောက်ဖွင့်လှစ်လျက် ရှိသော ပြည်နယ် GYM အားကစားခန်းမ၊ အမျိုးသားရေကူးကန်၊ ဖူဆယ် အားကစားရုံနှင့် ဝန်ထမ်းအိမ်ရာတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ၂၀၂၅ ခုနှစ် ကယားပြည်နယ် ဝန်ကြီးချုပ်ဖလား အလွတ်တန်းဖိတ်ခေါ် ဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ဒေါတမ(FC) အသင်းနှင့် မိုင်းလုံးအသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးရာ ဒေါတမ (FC) အသင်းက မိုင်းလုံးအသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

အဆိုပါ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဘောလုံးအသင်း ၂၆ သင်း ဝင်ရောက်ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲများကို ဒီဇင်ဘာ ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# သနပ်ပင်မြို့၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အကြို ဟောပြော

**သနပ်ပင် နိုဝင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့၌ ကျောင်းသား ကျောင်းသူများအား နေ့ထူးနေ့မြတ်များ မမေ့အပ်စေရန် "(၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့" အထိမ်းအမှတ် အကြို အသိပညာပေးဟောပြောပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဇာတ်ရုံ ဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ညိုပြာက ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များအနေဖြင့် အထိမ်းအမှတ်နေ့ကြီး၊ ရက်ကြီးများကို အစဉ်အမြဲ အမှတ်ရနေစေရန် ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး အမျိုးသားနေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် ပတ်သက်၍ အမျိုးသားနေ့သည် ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်ကြီးမှ ပေါက်ဖွားလာသော အမျိုးသားရေး ကြိုးပမ်းချက်တစ်ရပ်ဖြစ်ကြောင်း ဆွေးနွေးဟောပြောသည်။

**အောင်မြင့်မြတ်**

**(ပြန်/ဆက်)**

# ကျွန်းစုမြို့နယ်၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြို အသိပညာပေးဟောပြော

**ကျွန်းစု နိုဝင်ဘာ ၁၂**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အမကကမ်းဇော်တောကျောင်းတို့ ပူးပေါင်း၍ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အကြို အသိပညာပေး ဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်လူထုအခြေပြုဇာတ်ရုံ ဌာန၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးသန္တာဖြိုးက အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို အသိပညာပေးဟောပြောပြီး ဉာဏ်စမ်းပဟေဠိနှင့် ကဗျာရွတ်ပြိုင်ပွဲတို့ကို စတင်ရာ ကျောင်းသား ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်သည်။

ထို့နောက် ခင်းကျင်းပြသထားသော စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာမှတ်သားခဲ့ကြပြီး ပြိုင်ပွဲ၌ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ထက်မြင့် (ကျွန်းစု)**



## တောမဲ့မြေသား၊ ရေတိုက်စား၏

*စာမျက်နှာ ၁၀ မှ*

ဂျီစီဘီအေပြည်လုံးကျွတ်ညီလာခံက အမျိုးသားအောင်ပွဲနေ့သတ်မှတ်ရန် ဆွေးနွေးခဲ့ကြသည်။ တချို့က သီပေါမင်းပါတော် မူသော တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့ကို လည်းကောင်း၊ တချို့က ဦးဥတ္တမအဖမ်းခံရသောနေ့ကို လည်းကောင်း သတ်မှတ်ရန် အကြံပြုခဲ့ကြသည်။ သို့ရာတွင် ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်ကြီးတွင် ဦးဆောင်ခဲ့ကြသော ကျောင်းသားကြီး ၁၁ ဦးတို့က နယ်ချဲ့တို့အား ပထမဆုံး တော်လှန်သပိတ်မှောက်ခဲ့ကြသည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားအောင်ပွဲနေ့အဖြစ် သတ်မှတ်ရန် အကြံပြုခဲ့သည်။

ထို့ကြောင့် ၁၉၂၂ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ပြုလုပ်သည့် ဂျီစီဘီအေ အထူးကွန်ဖရင့်တွင် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားအောင်ပွဲနေ့အဖြစ် သတ်မှတ်ရန် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့သဖြင့် နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားအောင်ပွဲနေ့အဖြစ် သတ်မှတ်ကာ နှစ်စဉ်မပျက် ကျင်းပလျက်ရှိသည်။

### (၁၀၅) နှစ် ပြည့်မြောက်ခဲ့ပြီ

၂၀၂၅ ခုနှစ်တွင် ကျရောက်မည့် အမျိုးသားအောင်ပွဲနေ့သည် (၁၀၅) နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ အမျိုးသားအောင်ပွဲနေ့သည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေး ကြိုးပမ်းဆောင်ရွက်မှုသမိုင်းတွင် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ခဲ့သည့် သမိုင်းမှတ်တမ်းတစ်ခုဖြစ်သည်။ အမျိုးသားအောင်ပွဲနေ့သည် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ဆန့်ကျင်သပိတ်မှောက်ခဲ့သည့် လှုပ်ရှားမှုဖြစ်သော်လည်း နိုင်ငံသူ နိုင်ငံသားများ၏ အမျိုးသားရေးစိတ်ဓာတ်ကို ထုတ်ဖော်ပြသနိုင်ခဲ့သည့် နေ့ထူးနေ့မြတ်ဖြစ်သည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားရေးစိတ်ဓာတ်များဖြင့် စည်းလုံးညီညွတ်စွာ ပူးပေါင်းရယူခဲ့ခြင်းဖြစ်သည်။ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အမျိုးသားအောင်ပွဲနေ့သည် အမျိုးသားရေးစိတ်ဓာတ်ကို ဖော်ညွှန်းပြသခဲ့သည့် နေ့တစ်နေ့ဖြစ်သည်။ တိုင်းရင်းသားပြည်သူများအနေဖြင့် အမျိုးသားရေးစိတ်ဓာတ် ဖော်ညွှန်းပြသခဲ့သည့်နေ့၊ လွတ်လပ်ရေးပြန်လည်ရရှိရေးအတွက် သန္နေတည်ခဲ့သောနေ့ဖြစ်သည့် အမျိုးသားအောင်ပွဲနေ့ကို အစဉ်အမြဲ တန်ဖိုးထားကြရမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ကိုးကား**

- သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ ပြည်ထောင်စုစိတ်ဓာတ်
- ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့၏ မြန်မာအဘိဓာန်
- နေ့စဉ်ထုတ်သတင်းစာများ

# ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအခွင့်အလမ်းများ ဆွေးနွေး

**လွိုင်ကော် နိုဝင်ဘာ ၁၂**

ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီက ကြီးမှူး၍ ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး အခွင့်အလမ်းများဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲသို့ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်နယ်အတွင်းရှိ စီးပွားရေးအသင်းအဖွဲ့များ၊ ကဏ္ဍအသီးသီးမှ စီးပွားရေးလုပ်ငန်းရှင်များ၊ စိုက်ပျိုးမွေးမြူရေးတောင်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပြည်နယ်အတွင်း ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ဆက်စပ်လုပ်ကိုင်ရမည့် လုပ်ငန်းစဉ်များကို လုပ်ငန်းရှင်များအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရရှိမည့် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များအပါအဝင် အခြားသော အခွင့်အလမ်းများနှင့် ဥပဒေဆိုင်ရာအကာအကွယ်ပေးမှုများကို ပိုမိုသိရှိနိုင်စေရန်၊ တွေ့ကြုံရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများကို ကျော်လွှားနိုင်ရန်နှင့် ပြည်နယ်အစိုးရနှင့် တာဝန်ရှိသူအားလုံးက ပေါင်းစပ်ကူညီဆောင်ရွက်နိုင်ရန် ဖြစ်ပါကြောင်း ပြောကြားသည်။ **(အပေါ်ယာပုံ)**

ယင်းနောက် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအခွင့်အလမ်းများခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြကာ အထူးဖိတ်ကြားထားသည့် ဌာနဆိုင်ရာများက ကယားပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြပြီး တက်ရောက်လာသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ တောင်သူများနှင့် စိတ်ပါဝင်စားသူများက သိရှိလိုသည်များကို မေးမြန်းခဲ့မှုများအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ခင်းကျင်းပြသထားသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေ၊ နည်းဥပဒေစာအုပ်စာစောင်များနှင့် လက်ကမ်းစာစောင်များကို ကြည့်ရှုသည်။

ထို့ပြင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း)သို့ တက်ရောက်မည့်ကျောင်းသားကျောင်းသူများက ကယားပြည်နယ်ဝန်ကြီးချုပ်၏ ဩဝါဒခံယူပွဲကို နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(လွိုင်ကော်)၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းသားကျောင်းသူများက မိမိတက်ရောက်ခွင့်ရရှိသည့် ဘာသာရပ်များတွင် ထူးချွန်ထက်မြက်သူများ ဖြစ်အောင် အကောင်းဆုံးကြိုးစားကြရန် လိုအပ်ကြောင်း၊ ပညာသင်ကြားရာတွင် အခြားသော ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ကျောင်းသားကျောင်းသူများနှင့် ခင်မင်ရင်းနှီးစွာ နေထိုင်ပြီး ပြည်ထောင်စု စိတ်ဓာတ်ခိုင်မြဲမှုရှိရန်၊ ပြည်ထောင်စုတိုင်းရင်းသားများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံကောင်းများကို အပြန်အလှန်လေးစား ထိန်းသိမ်းကြရန်လိုကြောင်း၊ တက္ကသိုလ်ပညာသာမက ဘက်စုံပညာသင်ကြားခွင့်ရရှိမည်ဖြစ်သဖြင့် စည်းကမ်းအရာတွင် စံနမူနာပြဖြစ်အောင် ကြိုးပမ်းသွားကြရန်နှင့် နိုင်ငံ့ဂုဏ်၊ ပြည်နယ်ဂုဏ်ဆောင်နိုင်သည့်သူများ ဖြစ်လာအောင် ရည်မှန်းချက်ထား ကြိုးစားသွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများအတွက် ချီးမြှင့်ငွေများပေးအပ်ရာ ကျောင်းသားကျောင်းသူများကိုယ်စား ကိုယ်စားလှယ်နှစ်ဦးက လက်ခံရယူကြပြီး ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ကျောင်းသား ကျောင်းသူများအတွက် လမ်းစရိတ်ချီးမြှင့်ငွေများ ပေးအပ်ရာ ကျောင်းသားကျောင်းသူကိုယ်စားလှယ်နှစ်ဦးက လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းသားကျောင်းသူများနှင့် ကျောင်းသားမိဘများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားကာ ဂုဏ်ပြုလက်ဖက်ရည်ပွဲဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီး၏ သီးထပ်စွမ်းအားမြှင့်တင်ရေးကွင်းဆင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ယမန်နေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် လှည်းဆိပ်ကျေးရွာ တောင်သူ ဦးအေးသန်း၏ ရေဆင်းပေါ်ဆန်း(၂) မျိုးစေ့ထုတ်စိုက်ခင်းနှင့် ဗျော့ထွန်း မျိုးစေ့ထုတ် စိုက်ခင်းများကို ကြည့်ရှုအားပေးပြီး မြသီးနှံမျိုးစပါးသန့်စင်စက်ရုံတွင် ဒေသခံတောင်သူများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက စိုက်ပျိုးမြေ၏ မြေဆီအခြေအနေနှင့် စိုက်ပျိုးမည့်သီးနှံ၏ အပင်အာဟာရလိုအပ်မှုအပေါ် မူတည်၍ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာကို အချိုးညီသုံးစွဲကြရန်လိုကြောင်း၊ သီးနှံအထွက်နှုန်းကောင်းမွန်ရေးနှင့်အတူ ဈေးကွက်က လက်ခံသည့် သီးနှံအရည်အသွေးစံချိန်စံညွှန်းကိုက်ညီမှသာ ဈေးကွက်ဝင် ဈေးကောင်းရနိုင်မည်ကို သတိပြုကြရမည်ဖြစ်ကြောင်း၊ သွင်းအားစုစရိတ်လျှော့ချနိုင်ရေးနှင့် တစ်ဧကချင်း၏ ထုတ်လုပ်မှုတိုးတက်ရေးအတွက် ခေတ်မီစိုက်ပျိုး နည်းပညာများ စနစ်တကျလိုက်နာအသုံးပြု ဆောင်ရွက်ခြင်းဖြင့် တောင်သူများအတွက် အကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ငါးလုပ်ငန်းသင်တန်းကျောင်း (ဖျာပုံ) အစည်းအဝေးခန်းမတွင် ငါးဖမ်းလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ငါးမျိုးပြုန်းတီးမှုမဖြစ်ပေါ်စေရေး၊ ငါးသယံဇာတ မျိုးစိတ်များ ထိန်းသိမ်းရန်၊ တရားမဝင်ဖမ်းဆီးခြင်းနှင့် သဘာဝဂေဟစနစ်ကို ထိခိုက်စေမည့် ငါးဖမ်းနည်းများ အသုံးမပြုကြရန်၊ မြန်မာ့ရေသယံဇာတများ ပျက်သုဉ်းခြင်းမှ ကာကွယ်နိုင်ရေးအတွက် သက်ဆိုင်သူ အားလုံးတို့က ပူးပေါင်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး တက်ရောက်လာကြသည့် လုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဖျာပုံခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ခရိုင်အဆင့်တာဝန်ခံများ၊ စိုက်ကွင်းတာဝန်ခံများနှင့် တွေ့ဆုံကာ စားနပ်ရိက္ခာဖူလုံမှုအတွက် အဓိကအားထားရသည့် ဒေသတစ်ခုဖြစ်သော ဧရာဝတီတိုင်းဒေသကြီး၏ သီးထပ်စွမ်းအားမြှင့်တင်ရေး၊ ပြောင်းလဲသက်ရောက်လျက်ရှိသည့် ရာသီဥတုနှင့် သဘာဝဘေးကြောင့် စိုက်ကွင်းများ၊ သီးနှံများထိခိုက်ပျက်စီးမှု မဖြစ်ပေါ်စေရေး ကြိုတင်စီမံဆောင်ရွက်ရန် ကိစ္စရပ်များ၊ ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများကို သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ တည်ဆဲဥပဒေများနှင့်အညီ ဖြစ်စေရေး ထိန်းကျောင်းကြပ်မတ်ဆောင်ရွက်ကြရန်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

| ၁၂-၁၁-၂၀၂၅ | ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် | ဘီလီယံ- စုစည်းသည် |
|---|---|---|

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၆၀၀ | ၂၀၃ | ၁၇၄၆၁၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၄၄၁ | ၁၅၄၃၅၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၂၀ | ၁၅၆၀၀၀ |
| FPB | ၂၂၀၀ | ၂၂၀၀ | ၂၁၅ | ၄၇၃၀၀၀ |
| TMH | ၂၉၀၀ | ၂၉၀၀ | ၆၁ | ၁၇၆၉၀၀ |
| EFR | ၁၇၅၀ | ၁၇၀၀ | ၁၈၀ | ၃၀၆၁၅၀ |
| AMATA | ၃၅၅၀ | ၃၆၀၀ | ၁၉၆ | ၆၉၅၈၅၀ |
| MAEX | ၃၁၀၀ | ၃၁၀၀ | ၃၄ | ၁၀၅၄၀၀ |



မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံး၌ နိုဝင်ဘာ ၁၀ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဝေလင်းကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးလုံခြုံရေး လက်တွေ့သရုပ်ပြလေ့ကျင့်စဉ်။

မြို့နယ်(ပြန်/ဆက်)

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၂**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ **မိုး/ဇလ**

# ကရင်သက္ကရာဇ်(၂၇၆၅)ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ဘားအံ နိုဝင်ဘာ ၁၂**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် ကျရောက်မည့် ကရင်သက္ကရာဇ် (၂၇၆၅) ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးနေ့နှင့်ကောက်သစ်စားပွဲကို ဘားအံမြို့ အမှတ်(၄)ရပ်ကွက် သီရိကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ယမန်နေ့ မွန်းလွဲ ၂ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည့် ကျင်းပရေးဦးစီးကော်မတီနှင့် အထောက်အကူပြုလုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အဆိုပါပွဲတော်ကို ကရင်အမျိုးသားအလံတင် အခမ်းအနား၊ နှစ်သစ်ကူးနေ့အခမ်းအနား၊ ကောက်သစ်စားပွဲတို့နှင့်အတူ ပွဲတော်မတိုင်မီ ကြိုဆိုဂုဏ်ပြုသောအားဖြင့် လမ်း၊ တံတား အခြေခံအဆောက်အအုံဖွင့်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ ကရင်တိုင်းရင်းသားတို့၏ ပဒေသာအကအလှများဖြင့် ဖျော်ဖြေညှော့ခံပွဲများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းကော်မတီအသီးသီးကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီး ယခု အစည်းအဝေးတွင် လိုအပ်သည်များ၊ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များနှင့် ဆုံးဖြတ်အတည်ပြုပေးရမည့် ကိစ္စရပ်များကို တင်ပြဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများက ကရင်အမျိုးသားနှစ်သစ်ကူးနေ့နှင့်ကောက်သစ်စားပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်မည့် အစီအမံများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြပြီး ကျင်းပရေးအထောက်အကူပြုလုပ်ငန်းကော်မတီ အတွင်းရေးမှူးများက သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ဆုံးဖြတ်အတည်ပြုပေးရမည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြကာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြရာ ဆွေးနွေးတင်ပြမှုများအပေါ် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆက်လက်၍ နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဒုံးအကပြိုင်ပွဲတွင် ဆုရရှိကြသော ဒုံးအဖွဲ့များက ပြန်လည်ကပြဖျော်ဖြေတင်ဆက်သည့် အခမ်းအနားကို ယမန်နေ့ညပိုင်းက ဘားအံမြို့ သီရိကွင်း ဒုံးစင်မြင့်၌ ကျင်းပရာ ဒုံးအဖွဲ့(၆)ဖွဲ့က ဖားစည်၊ ကျွဲချို၊ အိုးစည်၊ ဘင်၊ နှဲ၊ မောင်း၊ စည်းဝါး၊ လင်းကွင်းတို့ကို တီးမှုတ်ကြပြီး ကရင်တိုင်းရင်းသားတို့၏ လူနေမှုဘဝများ၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ ခေတ်ကာလအတွင်း ကြုံတွေ့နေရသည့် အခြေအနေများကို ရေးစပ်သီကုံးထားသည့် ကရင်တေးသီချင်းများကို သံပြိုင်သီဆို၍ မြူးကြွသွက်လက်မြိုင်ဆိုင်စွာဖြင့် ပြန်လည်ကပြ သီဆိုဖျော်ဖြေခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ ကြည့်ရှုအားပေးခဲ့ကြကာ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။



နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့အခမ်းအနားကို ဒုံးအကပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲများ၊ ဒေသအစားအစာနှင့် မုန့်ဈေးရောင်းပွဲများ၊ နိုင်ငံကျော် တေးသံရှင်များနှင့် ဒေသခံတိုင်းရင်းသားတေးသံရှင်များပါဝင်သည့် စင်တင်တေးဂီတဖျော်ဖြေပွဲများ ထည့်သွင်းကျင်းပခဲ့ရာ အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်သူများ၊ ဒေသခံပြည်သူများ စည်ကားများပြားစွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မွန်ပြည်နယ်အတွင်းရှိ မျက်စိရောဂါဝေဒနာ ခံစားနေရသူများအား အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသပေး

**မော်လမြိုင် နိုဝင်ဘာ ၁၂**

မွန်ပြည်နယ် မော်လမြိုင်မြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ သဲဖြူနှင့် မဟာမြိုင်တောရ ဓမ္မရိပ်သာ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တပညာဇောတမထေရ်မြတ်ကြီးအား အမှူးထား၍ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှု၊ မွန်ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးမှု၊ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ပြည်နယ်အတွင်းရှိ ဒေသခံမျက်စိရောဂါဝေဒနာ ခံစားနေရသူများအား စက္ခုဒါနအဖြစ် အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များက အထွေထွေရောဂါကုဆေးရုံကြီး၌ ယနေ့နံနက်တွင် စက္ခုဒါနအဖြစ် အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသမှုခံယူရန် လာရောက်ကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေး၍ ထောက်ပံ့ငွေများ၊ မုန့်နှင့် ရေသန့်ဘူးများ၊ နေ့လယ်စာ ထမင်းဘူးများကို ဒါနပြုလိုက်လံကျွေးမွေးခဲ့ကြသည်။



ထို့နောက် စက္ခုဒါန အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသခြင်း လုပ်ငန်းအတွက် ဆေးရုံကြီးအတွင်း မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ် အထူးကုဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီးများ ဦးဆောင်၍ အထက်တန်းသူနာပြုများ၊ အကူသူနာပြုများ၊ မော်လမြိုင်ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် မျက်စိအထူးကုဆရာဝန်နှင့် သူနာပြုများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များက ဝိုင်းဝန်းကူညီမှုဖြင့် မျက်စိစမ်းသပ်ကုသရန် လာရောက်ကြသူများအား စာရင်းသွင်းလက်ခံခြင်း၊ စမ်းသပ်ပေးခြင်းနှင့် ခွဲစိတ်ကုသပေးခြင်း၊ ဆေးဝါးများ အခမဲ့ထောက်ပံ့ပေးခြင်း လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ခွဲစိတ်ကုသမှု ခံယူကြသော လူနာများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးကာ ဆေးဝါးနှင့်မျက်မှန်များကို လှူဒါန်းထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# မင်္ဂလာဒုံမြို့နယ်၌ အလုပ်တွင် ထိခိုက်မှုကြောင့် ကျန်ရစ်သူ(ငွေလုံးငွေရင်း) ထုတ်ပေး

**ရန်ကုန် နိုဝင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် Macdo Co.,Ltd (ဆံပင်တုစက်ရုံ)မှ အာမခံအလုပ်သမား ဒေါ်ဇင်ပန်းဖြူ၏ လုပ်ငန်းခွင်ထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူ(ငွေလုံးငွေရင်း)ထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက အမှာစကားနှင့် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူးက လုပ်ငန်းခွင် ထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူ(ငွေလုံးငွေရင်း)ကို အာမခံအလုပ်သမား ဒေါ်ဇင်ပန်းဖြူ၏ အစ်မဖြစ်သူ ဒေါ်ဇင်မြတ်သူအား ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေကျပ် ၁၀၁၂၅၀၀၀ ကို အလုပ်ဌာနတာဝန်ရှိသူများ၊ အလုပ်သမားရေးရာညှိနှိုင်းရေးကော်မတီ(WCC) အဖွဲ့ဝင်များ၊ မိသားစုဝင်များရှေ့မှောက်တွင် ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

**မင်းသိန်းထွန်း**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း( ၁/၂၀၂၅) ဖွင့်ပွဲကို ယမန်နေ့က ကျင်းပသည်။



ဖွင့်ပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်ထွီးခိုင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးကျော်မိုးကြည်က အရန်မီးသတ်တပ်ဖွဲ့ဝင်များအား အရန်မီးသတ်တပ်ဖွဲ့တူညီဝတ်စုံများကို ပေးအပ်သည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း( ၁/၂၀၂၅)ကို နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ သင်တန်းသား ၅၀ အား စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဖြိုးစန္ဒာ(ပြန်/ဆက်)**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ခရီးသွားလုပ်ငန်းကို နိုင်ငံ၏ ဒုတိယအကြီးဆုံး စီးပွားရေးကဏ္ဍအဖြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆော်ဒီနိုင်ငံက လုပ်ဆောင်သွားမည်

**ရီယာ့ဒ် နိုဝင်ဘာ ၁၂**

ဆော်ဒီအာရေဗျနိုင်ငံသည် ရေရှည်တည်တံ့သည့် စီးပွားရေးကို အကောင်အထည်ဖော်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးတို့အတွက် ခရီးသွားကဏ္ဍကို နိုင်ငံ၏ဒုတိယအကြီးဆုံး စီးပွားရေးကဏ္ဍဖြစ်အောင်လုပ်ဆောင်ရန် ရည်ရွယ်ထားသည်ဟု ခရီးသွားလာရေးဒုတိယဝန်ကြီး မာမွတ်အဗ္ဗဒူဟာဒီက နိုဝင်ဘာ ၁၁ ရက်တွင် ပြောသည်။

(၂၆) ကြိမ်မြောက် ကုလသမဂ္ဂခရီးသွားလာရေး အထွေထွေညီလာခံအပြီးတွင် အဗ္ဗဒူဟာဒီက အစိုးရ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံများတွင် အရေးပါသော ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်ပြီး ဆင်ဟွာသို့ ပြောကြားခဲ့သည်။ ဆော်ဒီအာရေဗျနိုင်ငံတွင် နိုင်ငံတစ်ဝန်း လေဆိပ် ၂၉ ခုရှိပြီး လမ်းနှင့် ရထားလမ်းကွန်ရက်များ ဖွံ့ဖြိုးနေကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။

ဆော်ဒီအာရေဗျနှင့် တရုတ်နိုင်ငံတို့ကြား စီးပွားရေးအရ ခိုင်မာအားကောင်းသည့်ဆက်ဆံရေးရှိပြီး ဆော်ဒီနိုင်ငံ၏ ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံသည် အရေးကြီးသည့် မိတ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တရုတ်ကုမ္ပဏီများသည် ၎င်းတို့၏ကျွမ်းကျင်သူများ၊ နည်းပညာများဖြင့် ဆော်ဒီအာရေဗျနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးရာတွင် အရေးပါသည့်အခန်းကဏ္ဍမှပါဝင်ခဲ့ပြီး အဆိုပါပူးပေါင်းဆောင်ရွက်မှုသည် နှစ်ပေါင်းများစွာတိုင် ဆက်လက်ရှိနေဦးမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**



# ကမ္ဘာတစ်ဝန်း တောရိုင်းတိရစ္ဆာန်များ ရောင်းဝယ်မှုက မျိုးစိတ်များ ရှင်သန်မှုနှင့် ဇီဝလုံခြုံရေးကို ခြိမ်းခြောက်နေဟုဆို

**မဲလ်ဘုန်း နိုဝင်ဘာ ၁၂**

နိုင်ငံတကာ လေ့လာမှုတစ်ရပ်က ကမ္ဘာတစ်ဝန်းရှိ ကြီးမားပြီး ကြီးကြပ်မှုမရှိသည့် တောရိုင်းတိရစ္ဆာန် ရောင်းဝယ်မှုများကို ဖော်ထုတ်တွေ့ရှိခဲ့ပြီး ဇီဝမျိုးစုံမျိုးကွဲနှင့် ဇီဝလုံခြုံရေးအပေါ် မြင့်မားလာသော အန္တရာယ်များကို သတိပေးထားသည်။



ဩစတြေးလျ၊ အမေရိကန်ပြည်ထောင်စု၊ ဥရောပနှင့် တောင်အမေရိကတို့မှ သုတေသီများ ပူးပေါင်း၍ပြုလုပ်ခဲ့သော လေ့လာမှုတွင် အမေရိကန်ပြည်ထောင်စုသို့ ဝင်ရောက်လာသော ကမ္ဘာလုံးဆိုင်ရာ တောရိုင်းတိရစ္ဆာန် ရောင်းဝယ်မှု ကွန်ရက်များကို ဆယ်စုနှစ် နှစ်စုကြာ စူးစမ်းလေ့လာခဲ့ကြောင်း၊ ထိုကဲ့သို့ လေ့လာရာတွင် မျိုးစိတ်များ မည်သည့်ဒေသမှ လာရောက်ခဲ့သည်၊ မည်သည့်ပမာဏဖြင့် ကုန်သွယ်ခဲ့သည်နှင့် ကုန်သွယ်ရေး လမ်းကြောင်းပုံစံများ မည်သို့ရှိသည်ကို အဓိကထားလေ့လာခဲ့ကြောင်း သိရသည်။

မျိုးစိတ် အများအပြားကို ၎င်းတို့၏ မူရင်းဒေသများမှ ဖမ်းဆီးပြီး ရောင်းဝယ်ဖောက်ကားနေဆဲဖြစ်သည့်အပြင် အချက်အလက် မှားယွင်းစွာဖော်ပြခြင်း၊ ငွေကြေးခဝါချခြင်း သို့မဟုတ် မှောင်ခိုကူးခြင်းစသည့် ထင်ရှားသော ပြဿနာရပ်များလည်း ရှိနေကြောင်း Current Biology ဂျာနယ်တွင် ဖော်ပြထားသော လေ့လာမှုကို ဦးဆောင်ခဲ့သူ မဲလ်ဘုန်းတက္ကသိုလ်ပါမောက္ခ အဲလစ်ဟျူးဂျ်က ပြောသည်။

ကမ္ဘာလုံးဆိုင်ရာ ရောင်းဝယ်မှုပမာဏ အလွန်ကြီးမားပြီး တိရစ္ဆာန်မျိုးစိတ်ပေါင်း ၇၀၀၀၀ ကျော် ပါဝင်သည်ဟု ခန့်မှန်းရသော်လည်း အချက်အလက်များကို ရှာဖွေရခြင်းမှာ အလွန်ခက်ခဲကြောင်း၊ ရှိရင်းစွဲ အချက်အလက်များတွင်လည်း ကွဲလွဲမှုအများအပြားရှိကြောင်း ဟျူးဂျ်က ပြောသည်။ အစိုးရများ၊ သိပ္ပံပညာရှင်များနှင့် စက်မှုလုပ်ငန်းများအကြား ပိုမိုအားကောင်းသော လေ့လာစောင့်ကြည့်မှု၊ အချက်အလက်မျှဝေမှုနှင့် ပွင့်လင်းစွာ ပူးပေါင်းဆောင်ရွက်မှုတို့ လုပ်ဆောင်ကြရန် တောင်းဆိုထားသည်။

အပူပိုင်း ဒေသများသည် တောရိုင်း မျိုးစိတ်အများဆုံးနှင့် အကျယ်ပြန့်ဆုံး တင်ပို့နေသည်ကို တွေ့ရကြောင်း သုတေသီများက ပြောသည်။ **ဆင်ဟွာ** ■

# ဖိလစ်ပိုင်၌ မုန်တိုင်းနှစ်ခု ဝင်ရောက်တိုက်ခတ်မှုကြောင့် သေဆုံးသူ ၂၅၉ ဦးအထိရှိလာ

**မနီလာ နိုဝင်ဘာ ၁၂**

မကြာသေးမီက ဖိလစ်ပိုင်နိုင်ငံကို ဝင်ရောက်တိုက်ခတ်ခဲ့သည့် မုန်တိုင်းနှစ်ခုကြောင့် နိုင်ငံတစ်ဝန်း သေဆုံးသူ ၂၅၉ ဦးအထိရှိလာပြီး လူပေါင်းသန်းနှင့်ချီ၍ အိုးအိမ်စွန့်ခွာထွက်ပြေးရကြောင်း အာဏာပိုင်များက နိုဝင်ဘာ ၁၂ ရက်တွင် ပြောသည်။

နိုဝင်ဘာ ၉ ရက်က ဖိလစ်ပိုင်နိုင်ငံသို့ဝင်ရောက်ခဲ့သည့် စူပါတိုင်ဖွန်းမုန်တိုင်းဖန်ဝမ်ကြောင့် ၂၇ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု အမျိုးသားသဘာဝဘေးလျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီက ပြောသည်။ နိုဝင်ဘာ ၄ ရက်က ဖိလစ်ပိုင်နိုင်ငံသို့ ဝင်ရောက်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်းခန့်မေဂီကြောင့် ၂၃၂ ဦးခန့် သေဆုံးခဲ့သည်။ ယင်းမုန်တိုင်းကြောင့် ၁၁၂ ဦး ပျောက်ဆုံးပြီး ၅၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ သေဆုံးသူအများစုမှာ စီဘူးပြည်နယ်မှဖြစ်ပြီး စီဘူးပြည်နယ်သည် စက်တင်ဘာ ၃၀ ရက်က ပြင်းအား ၆ ဒသမ ၉ အဆင့်ရှိ ငလျင်နှင့် ကြုံတွေ့ခဲ့ရသည့် ပြည်နယ်လည်းဖြစ်သည်။

မုန်တိုင်းနှစ်ခုကြောင့် လူပေါင်းသန်းနှင့်ချီ၍ နေအိမ်မှထွက်ပြေးခဲ့ရပြီး နေအိမ်များ၊ လယ်ကွင်းများနှင့် လမ်းတံတားကဲ့သို့အရေးကြီးသည့် အခြေခံအဆောက်အအုံများစွာ ပျက်စီးခဲ့ရသည်ဟု အေဂျင်စီက ပြောသည်။ စူပါမုန်တိုင်းဖန်ဝမ်သည် ယခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံသို့ ဝင်ရောက်ခဲ့သည့် ၂၁ ခုမြောက် မုန်တိုင်းလည်းဖြစ်သည်။ **ဆင်ဟွာ**

# လစ်ဗျားကမ်းလွန်တွင် ရွှေ့ပြောင်းဒုက္ခသည် လှေတစ်စင်းနစ်မြုပ်ပြီး ၄၂ ဦး သေဆုံး

**ဂျီနီဗာ နိုဝင်ဘာ ၁၂**

ရွှေ့ပြောင်းဒုက္ခသည် ၄၉ ဦး တင်ဆောင်လာသော ရော်ဘာလှေတစ်စင်းသည် လစ်ဗျားကမ်းလွန်တွင် နစ်မြုပ်ခဲ့ပြီး ၄၂ ဦး သေဆုံးခဲ့သည်ဟု နိုဝင်ဘာ ၁၂ ရက်က အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့က ပြောကြားခဲ့သည်။ လစ်ဗျားကမ်းရိုးတန်းမြို့တစ်မြို့ဖြစ်သည့် ဇူဝါရာမှ ထွက်ခွာလာသော အဆိုပါရော်ဘာလှေနစ်မြုပ်ပြီးနောက် လစ်ဗျားအာဏာပိုင်များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အယ်လ်ဘူရီရေနံမြေအနီးတွင် နိုဝင်ဘာ ၈ ရက်က လုပ်ဆောင်ခဲ့သည်ဟု အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။

အသက်ရှင်ကျန်ရစ်သူများ၏ ပြောကြားချက်အရ ၎င်းတို့စီးနင်းလိုက်ပါလာသော ရော်ဘာလှေသည် ဇူဝါရာမှ နိုဝင်ဘာ ၃ ရက်က ထွက်ခွာလာခဲ့ကြောင်း၊ ထွက်ခွာလာပြီး ခြောက်နာရီကြာပြီးနောက် လှိုင်းလုံးကြီးများပုတ်ခတ်မှုကြောင့် အင်ဂျင်ပျက်ခဲ့ပြီး လှေလည်း တိမ်းမှောက်ခဲ့ကြောင်း၊ လိုက်ပါလာသော ခရီးသည်များအားလုံး ရေထဲပြုတ်ကျခဲ့ကြောင်း သိရသည်။

ခြောက်ရက်ကြာမျောပါပြီးနောက် လူခုနစ်ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း၊ လေးဦးမှာ ဆူဒန်မှဖြစ်ပြီး နှစ်ဦးမှာ နိုင်ဂျီးရီးယားမှဖြစ်ကြောင်း၊ ကျန်တစ်ဦးမှာ ကင်မရွန်းမှဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။ ဆူဒန်မှ ၂၉ ဦး၊ ဆိုမာလီယာမှ ရှစ်ဦး၊ ကင်မရွန်းမှ သုံးဦးနှင့် နိုင်ဂျီးရီးယားမှ နှစ်ဦးအပါအဝင်ကျန် ၄၂ ဦးမှာ သေဆုံးပြီဟု ယူဆရကြောင်း အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့က ပြောသည်။

**ဆင်ဟွာ**

# ဆီးရီးယား၌ ပြည်သူလူထု၏ ဘဏ္ဍာရေးဝန်ကိုလျှော့ချရန် စက်သုံးဆီဈေးနှုန်း ၃၀ ရာခိုင်နှုန်းလျှော့ချ

**ဒမတ်စကတ် နိုဝင်ဘာ ၁၂**

ဆီးရီးယားနိုင်ငံ၌ စွမ်းအင်ကဏ္ဍပြုပြင်ပြောင်းလဲမှု တစ်စိတ်တစ်ပိုင်းအနေဖြင့် ဆောင်းရာသီမတိုင်မီ ပြည်သူလူထုအပေါ် သက်ရောက်မှုရှိသည့် ငွေကြေးဖိအားကိုလျှော့ချနိုင်ရန် ပြည်တွင်းစက်သုံးဆီဈေးနှုန်းကို ၃၀ ရာခိုင်နှုန်းလျှော့ချလိုက်ကြောင်း ဆီးရီးယားစွမ်းအင်အာဏာပိုင်များက နိုဝင်ဘာ ၁၁ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။

ထိုကဲ့သို့ ဈေးနှုန်းလျှော့ချမှုသည် ပြည်တွင်းရေနံထုတ်လုပ်မှု မြင့်တက်လာခြင်းနှင့် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများ ကျဆင်းလာခြင်းတို့ဖြစ်ကြောင်း စွမ်းအင်ဆိုင်ရာ အာဏာပိုင်များ၏ ဆက်သွယ်ရေးဌာန ညွှန်ကြားရေးမှူးအာမက်ဆူ လိုင်မန်းက Al-Ikhbari-ya ရုပ်မြင်သံကြားသို့ ပြောကြားသည်။

ဈေးနှုန်းသစ်များအရ ဒီဇယ်တစ်လီတာလျှင် အမေရိကန်ဒေါ်လာ ၀ ဒသမ ၇၅ ဒေါ်လာ၊ ဓာတ်ဆီတစ်လီတာလျှင် ၀ ဒသမ ၈၅ ဒေါ်လာသို့ ကျဆင်းသွားမည်ဖြစ်ကာ အိမ်သုံးဓာတ်ငွေ့စလင်ဒါတစ်ခုလျှင် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅ ဒေါ်လာသို့ ကျဆင်းသွားမည်ဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။



ထိုကဲ့သို့ ဈေးနှုန်းလျှော့ချမှုမှာ မကြာသေးမီက လျှပ်စစ်ဓာတ်အားခ မြင့်တက်ပြီးနောက် ပြည်သူလူထု၏ စိုးရိမ်ပူပန်မှုကို ပြေလျော့စေရန် လုပ်ဆောင်ပုံရကြောင်း သိရသည်။ **ဆင်ဟွာ**



## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးနှိုးဆော်မှုများ ရိုက်ကူးရေးတွင် ဂီတအနုပညာရှင်များ ဆက်လက်ပါဝင်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၂**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို လာမည့် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဂီတအနုပညာရှင်များက အသိပညာပေးနှိုးဆော်မှုများ ရိုက်ကူးရေးတွင် ဆက်လက်ပါဝင် ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် တေးသံရှင် ဖြိုးကြီး၊ ဝေကြီး၊ ဝန၊ ဖြိုးပြည့်စုံ၊ သားငယ်၊ သားသား၊ ဖြိုးလေး၊ ပိုပို၊ ချယ်ရီသင်း၊ ထိုက်ထိုက်၊ မိဖူး၊ ထက်အဉ္ဇလီ၊ M ဆိုင်းလူ၊ Mary နှင့် မေတို့က နိုဝင်ဘာ ၁၀ ရက်နှင့် ယနေ့ နိုဝင်ဘာ ၁၂ ရက်တို့တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးနှိုးဆော်မှုများ ရိုက်ကူးရေးတွင် ပါဝင်ဆောင်ရွက်ကြခြင်းဖြစ်သည်။

ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲနှင့်သာ ဖော်ဆောင်နိုင်မည်ဖြစ်ရာ ပြည်သူတစ်ရပ်လုံးက ရွေးကောက်ပွဲကြီးတွင် ပါဝင်မဲပေးပြီး ဒီမိုကရေစီနိုင်ငံတော်ကို အတူတကွ ဖော်ဆောင်နိုင်ရန်အတွက် ပြည်သူချစ်သော ဂီတအနုပညာရှင်များကလည်း တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်းနှင့် ဆက်လက်ပြီးလည်း ဂီတအနုပညာရှင်များစွာ ရိုက်ကူးရေးတွင် ပါဝင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၂**



အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် The Great Merger Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် AVATR 12A (ULTRA) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ UV Automotive Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် HONGQI EHS7 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Leapmotor B10 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပါသဖြင့် နိုဝင်ဘာ ၁၂ ရက်တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## "ခေတ်ဆန်းချိန်" အမျိုးသားအောင်ပွဲနေ့ ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၁၂**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုသောအားဖြင့် "ခေတ်ဆန်းချိန်" အမျိုးသားအောင်ပွဲနေ့ ဂုဏ်ပြု တေးဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၁၄ ရက် သောကြာနေ့ ည ၉ နာရီခန့်၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel နှင့် MRTV Entertain–ment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော်တေးသံရှင်များ ဖြစ်ကြသည့် ရဲထိုက်၊ ရသ၊ ဈာန်ထူး၊ ဖြိုးဘိုဘို၊ လျှမ်းထက်ကို၊ စဝ်ဝဏ္ဏကျော်စွာ၊ စိမ့်နေခြည်၊ ရဲရင့်ဝေလွင်၊ အိအိလှိုင်နှင့် မေချစ်သက်တို့က အမျိုးဂုဏ်ဇာတိဂုဏ်မြှင့်တင်နိုင်ရန်နှင့် ဂုဏ်ယူနိုင်ရန်အတွက် ဇာတိမာန်တက်ကြွစေမည့် ခေတ်အဆက်ဆက် ထင်ရှားကျော်ကြားခဲ့သည့် တေးသီချင်းကောင်းများနှင့် ဖျော်ဖြေ တင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို MRTV–HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည် ဖြစ်သည့်အပြင် နိုဝင်ဘာ ၁၆ ရက်၊ တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း MRTV HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အောင်လံမြို့၌ ဒုတိယအကြိမ် ကပ်ထားကြေညာမည့် မဲစာရင်းပြည့်စုံမှန်ကန်ရေးအဖွဲ့စုံဖြင့် စစ်ဆေးဆောင်ရွက်

**အောင်လံ နိုဝင်ဘာ ၁၂**

အောင်လံမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိပြည်သူများ မဲပေးနိုင်ရေး၊ မဲစာရင်း ပြည့်စုံမှန်ကန်စေရေး အတွက် ဒုတိယအကြိမ် ကြေညာမည့် မဲစာရင်းများကို ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။

အဆိုပါ ဒုတိယအကြိမ် ကြေညာမည့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၅/က အရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပုံစံ(၁) ပူးတွဲ(၁)စာရင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပုံစံ(၁)ပူးတွဲ(၂)စာရင်းအားရယူပြီး ဒုတိယအကြိမ် မဲစာရင်းပြုစုနိုင်ရေးအတွက် စိစစ်ရေးအဖွဲ့ ၁၀ ဖွဲ့တို့က မဲစာရင်းပြည့်စုံမှန်ကန်စေရေး၊ မဲစာရင်းတွင်ပါဝင်သင့်သူများ မကျန်ရှိစေရေးနှင့် မပါဝင်သင့်သူများ မပါရှိစေရေး ပြန်လည် စိစစ်စစ်ဆေးခြင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

သို့သော်လည်း အသက် ၃၉ နှစ်အရွယ် ရီးဟန်းသည် ယခုနှစ်ရာသီတွင် ဆွမ်ဆီးအသင်း၏ လိဂ်အဖွင့် ၁၅ ပွဲတွင် လေးပွဲသာ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည်။ ယခုနှစ်ရာသီတွင် လက်ရှိအချိန်ထိ ဆွမ်ဆီးအသင်း စုဆောင်းရရှိသောရမှတ်များမှာ ၂၀၁၈ ခုနှစ်တွင် ပရီမီယာလိဂ်မှ တန်းဆင်းပြီးနောက် အဆိုးရွားဆုံးရမှတ် စုဆောင်းနိုင်မှုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဆိုးရွားသည့်ကာလတစ်ရပ်ကို ဖြတ်ကျော်ပြီးနောက် ရလဒ်များနှင့် စွမ်းဆောင်ရည်များသည် ယခုနှစ်ရာသီတွင် မျှော်မှန်းထားသည့် စံနှုန်းများနှင့် ကိုက်ညီမှုမရှိကြောင်း၊ ထို့ကြောင့် နည်းပြအဖြစ်မှ ထုတ်ပယ်ရန် ခက်ခက်ခဲခဲ ဆုံးဖြတ်ချက်ချခဲ့ရကြောင်း အသင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆွမ်ဆီးအသင်းသည် နိုဝင်ဘာ ၈ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံရှစ်အမှတ်ပေးပြိုင်ပွဲတွင် အစ်ဆွစ်အသင်းကို လေးဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။ ထို့ကြောင့် ဆွမ်ဆီးအသင်းသည် ချန်ပီယံရှစ်အမှတ်ပေးပြိုင်ပွဲ တွင် ၁၅ ပွဲကစားပြီး လေးပွဲနိုင်၊ ငါးပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်ဖြင့် အဆင့် (၁၈) တွင် ရပ်တည်နေသည်။

ချန်ပီယံရှစ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၅) အပြီးတွင် အမှတ်ပေးဇယားကို နည်းပြလမ်းပတ်၏ ကိုဗင်ထရီအသင်းက ရမှတ် ၃၄ မှတ်ဖြင့် ဦးဆောင်ထားသည်။ ယင်းနောက် မစ်ဒယ်ဘရော့အသင်းက ရမှတ် ၂၉ မှတ်ဖြင့် ဒုတိယနေရာမှ အနီးကပ်ဖိအားပေးလျက်ရှိသည်။

**အောင်ဇော်**



ပျော်ဘွယ်မြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဇော်နှင့် တပ်ဖွဲ့ဝင်များ နိုဝင်ဘာ ၁၀ ရက်က မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေး လိုက်လံစစ်ဆေးပြီး မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်သရုပ်ပြခြင်းဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

## အိမ်မဲမြို့နယ် အခြေခံပညာကျောင်း ၁၉၆ ကျောင်းမှ KG ကလေးများအား ကျောင်းတွင်းအာဟာရကျွေးခြင်းဆောင်ရွက်

**အိမ်မဲ နိုဝင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်ပညာရေးဌာနတို့ပူးပေါင်း၍ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၉၆ ကျောင်းမှ KG ကလေးများအား ကျောင်းတွင်းအာဟာရကျွေးခြင်းများကို ယနေ့နံနက်ပိုင်းက အခြေခံပညာကျောင်းများ၌ စတင်ဆောင်ရွက်သည်။

ဦးစွာ အ.ထ.က(၂)ကျောင်းမှ KG ကျောင်းသား ကျောင်းသူများ အစားမစားမီ လက်ဆေးနေမှု၊ အစားအစာ စားသုံးနေမှုများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာသန်းဌေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးကျော်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆုဝေထွန်း၊ မြို့နယ်ပညာရေးမှူးနှင့် ဌာနဆိုင်ရာများက ကြည့်ရှုအားပေးကြသည်။



ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက အထက(၁)နှင့် အလက ချောင်းဝကျောင်းများမှ ကျောင်းတွင်းအာဟာရကျွေးမွေးနေမှုများ ဆက်လက်ကြည့်ရှုအားပေးခဲ့ကြသည်။

အိမ်မဲမြို့နယ်အတွင်း အခြေခံပညာကျောင်း ၁၉၆ ကျောင်းရှိ ကျောင်းသား ကျောင်းသူပေါင်း ၃၅၂၅ ဦးအား ကျောင်းတွင်းအာဟာရကျွေးမွေးခဲ့ကြောင်း သိရသည်။

**အိမ်မဲ (ပြန်/ဆက်)**

## ဇေယျာသီရိမြို့နယ်၌ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**ဇေယျာသီရိ နိုဝင်ဘာ ၁၂**

နေပြည်တော် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ဦးဆောင်၍ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဆေးအဖွဲ့မှ အထူးကုဆရာဝန်ကြီးများက ဇေယျာသီရိမြို့နယ်အတွင်းရှိ ပြည်သူများအား နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက ရေဆင်းကျေးရွာ မိုးကုတ်ဓမ္မရိပ်သာ ရွှေကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။

ကျန်းမာရေးစောင့်ရှောက်ပေးရာတွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများအဖွဲ့၊ ဇေယျာသီရိမြို့နယ် ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံမှ ဆေးအဖွဲ့တို့သည် ဇေယျာသီရိမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၃ စုမှ ကျေးရွာစုစုပေါင်း ၇၅ ရွာမှ ပြည်သူများအား အထူးကုကွင်းဆင်းကုသမှုများကို ပြုလုပ်ခဲ့ပြီး အထွေထွေရောဂါ၊ ခွဲစိတ်ရောဂါ၊ အရိုးရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊



ကာယကု စသည့် ဆေးကုသမှုလုပ်ငန်းများအပြင် ကိုဗစ်ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း၊ တီဘီရောဂါကြည့်ရှုကုသပေးခြင်း၊ ရွှေ့လျားဓာတ်မှန်ယာဉ်ဖြင့် ဓာတ်မှန်အထူးကုဆရာဝန်ကြီးက ကြည့်ရှုပေးခြင်းများကို ဆောင်ရွက်ပေးခဲ့သည်။ **ထွန်းလင်း(ဇေယျာမြေ)**

## ပွင့်ဖြူမြို့နယ်၌ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာ ဆွေးနွေး

**ပွင့်ဖြူ နိုဝင်ဘာ ၁၂**

ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသတွင်း စိုက်ပျိုးထားရှိသော အဓိကသီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး ပန်းတိုင်အထွက်နှုန်းရရှိစေရေး နည်းပညာဆွေးနွေးပွဲကို ယမန်နေ့က အဆိုပါ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ရှင်းလင်းဆွေးနွေး**

နည်းပညာ ဆွေးနွေးပွဲတွင် ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ရာသီအလိုက် သီးနှံများ စိုက်ပျိုးရာတွင် မြေမှန်မျိုးမှန် စနစ်တကျ စိုက်ပျိုးရေး၊ စိုက်ပင်အရေအတွက် ပြည့်မီရေး၊ ဒေသနှင့် ကိုက်ညီသော အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန် ထွက်ရှိရေး၊ မျိုးကောင်းမျိုးသန့် မျိုးစေ့အား တောင်သူကိုယ်တိုင် ထုတ်လုပ်နိုင်သောနည်းလမ်းများ၊ ထွက်ရှိသောသီးနှံများ ဓာတုဓာတ်ကြွင်း ပါဝင်မှုကင်းစင်ရေး ဆောင်ရွက်ရန်အချက်များနှင့် သီးနှံများ အချိန်မီ ရိတ်သိမ်းခြွေလှေ့နည်းစနစ်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဒေသခံတောင်သူများက သိရှိလိုသည့် အချက်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့သည်။ အဆိုပါ နည်းပညာဆွေးနွေးပွဲသို့ ဒေသခံတောင်သူ ၇၀ တက်ရောက်ပါဝင် ဆွေးနွေးခဲ့သည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

## မိုင်းဆတ်မြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**မိုင်းဆတ် နိုဝင်ဘာ ၁၂**

မိုင်းဆတ်မြို့နယ် လွယ်ဆောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ယမန်နေ့မွန်းလွဲ ၁ နာရီက ဌာနဆိုင်ရာများ ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်လေးဝင်းက ''စာဖတ်ခြင်း၏ အကျိုးကျေးဇူး'' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးမှူး ဦးရဲဇော်ဦးက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး အကြောင်းအရာများကို လည်းကောင်း၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကောင်းသက်နိုင်က အမှိုက်ခွဲခြားစွန့်ပစ်ခြင်းနှင့် ပလတ်စတစ်အန္တရာယ် အကြောင်းကို လည်းကောင်း၊ အမှတ်(၃)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်မှ ဒုတိယရဲမှူး လှဘုန်းက လူကုန်ကူးမှုအဓိပ္ပာယ်၊ လူကုန်ကူးမှုပုံစံများ၊ ခေတ်နှင့်အညီ ပြောင်းလဲလာသည့် အွန်လိုင်းလိမ်လည်စည်းရုံးပုံ အလေ့အထများကို လည်းကောင်း ဆွေးနွေးဟောပြောသည်။



**လက်ကမ်းစာစောင်ဖြန့်ဝေ**

ယင်းနောက် ကျောင်းသားကျောင်းသူများအား ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များနှင့် လူကုန်ကူးမှုအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးပြီး အသိပညာပေး စာအုပ်၊ စာစောင်များ ပြသပေးခဲ့သည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

## စစ်ကိုင်းမြို့၌ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရေးနှင့် သီးနှံအထွက်နှုန်းတိုးတက်ရေး နည်းပညာပေးသင်တန်းဖွင့်



**စစ်ကိုင်း နိုဝင်ဘာ ၁၂**

စစ်ကိုင်းမြို့နယ် သမဝါယမဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ တောင်သူများ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရေးနှင့် သီးနှံအထွက်နှုန်း တိုးတက်ရေးနည်းပညာပေးသင်တန်းကို ယမန်နေ့မွန်းလွဲပိုင်းက မြို့နယ်သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ စစ်ကိုင်းမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာမြင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးသိန်းဇော်ဦးက စိုက်ပျိုးရေးတောင်သူများ မျိုးကောင်းမျိုးသန့်များ ရရှိအောင်ဆောင်ရွက်ပေးနေမှု၊ လက်ထောက်ဦးစီးမှူး ဒေါ်သဲသဲထွေးက သီးနှံအထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်ရမည့်နည်းလမ်းများနှင့်ပတ်သက်၍ ဆွေးနွေးပို့ချခဲ့သည်။ အဆိုပါ နည်းပညာပေး သင်တန်းသို့ စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် အသင်းသား တောင်သူ ၃၀ တက်ရောက်ကြကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

## ဟောပြောသူလက်စွဲစာအုပ် ဖြန့်ချိ

**နေပြည်တော် နိုဝင်ဘာ ၁၂**

စာရေးဆရာ ချစ်နိုင်(စိတ်ပညာ) ရေးသားပြုစုသည့်ဟောပြောသူလက်စွဲစာအုပ် ထွက်ရှိလာသည်။




ယင်းစာအုပ်တွင် ပရိသတ်ကို ပြောနည်း၊ ဟောပြောမှုအတတ်ပညာ၊ ပရိသတ်ကို ဟောပြောမယ့်သူ၊ နမူနာပြ ပရိသတ်ဟောပြောနည်း(၁၊ ၂၊ ၃)၊ ဝါသနာနှင့် အလုပ်အကိုင်၊ လူ့အကြောင်း သူ့အကြောင်း၊ စာဖတ်ခြင်း၏အရသာ၊ လူအများနှင့် ပြေပြစ်စွာဆက်ဆံနည်း၊ မေတ္တာချစ်ခင်၊ ဘဝတာဝန်၊ တန်ဖိုးရှိသောလူ၊ စကားပြောနည်း၊ ခေါင်းဆောင်ရဲ့တာဝန်၊ စကားတန်ဖိုး၊ ဟောပြောသူတွင် ပြည့်စုံရမည့်လိုအပ်ချက်နှင့် ဟောပြောသူရဲ့စွမ်းအား စသည့်စာပေဖတ်ရှုခြင်းဖြင့် ရရှိလာနိုင်သည့်အကျိုးကျေးဇူးများ၊ လူမှုဘဝနေထိုင်နည်းများအပြင် ဟောပြောမည့်သူများ မရှိမဖြစ် ဆောင်ထားသင့်သည့် ဟောပြောနည်းဆိုင်ရာ သိကောင်းစရာများကို လွယ်ကူရှင်းလင်းပြည့်စုံစွာ ရေးသားစုစည်းထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို နိုင်စာပေ အမှတ် (၁၅၀) ရတနာလမ်းမကြီး ရတနာအိမ်ရာ တိုင်းရင်းသားကျေးရွာအနီး သာကေတမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉ ၄၄၄၆၈၈၆၃၄၊ ၀၉ ၅၅၀၃၂၅၄၊ ၀၉ ၇၃၂၂၄၅၂၄ တို့မှ တန်ဖိုးငွေကျပ် ၉၀၀၀ ဖြင့် ဖြန့်ချိထားသည်။

**မြန်မာ့အလင်း**

## သထုံခရိုင်လူထုအခြေပြုဗဟိုဌာန၌ အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြော

**သထုံ နိုဝင်ဘာ ၁၂**

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောခြင်း၊ ပြပွဲပြိုင်ပွဲများ ပြုလုပ်ခြင်းတို့ကို ယနေ့ နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

